# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ စနေနေ့။ Saturday, 11 May 2024 ၁၁၄၅၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး H.E. Mr. Abhay Thakur သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည် နှင့်အညီ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံမှုများ ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ တိုက်ရိုက်လေကြောင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☼**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur က ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။




ကြေးမုံ

# အကြမ်းဖက်အဖျက်သမားများအား ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်တွင်ရှိသည့် ဆုံရွာကျေးရွာလေးအား မေလ ၉ ရက်နေ့ နံနက်ပိုင်းအချိန်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဆုံရွာအတွင်းရှိ နေအိမ်များပေါ်သို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိကြသည့် ကျေးရွာသား ၁၇ ဦး၊ ကျေးရွာသူ ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးပြီး ရွာသူ ရွာသား ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မကောင်းစွာကြားသိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ဆုံရွာကျေးရွာရှိ ပြည်သူ့စစ်စခန်းအား အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် မဆင်မခြင် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ကျေးရွာသူ ကျေးရွာသားများ သေကျေပျက်စီး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ကျေးရွာရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ပြည်သူ့စစ်စခန်းအား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ရွာ၏အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြပြီး ဆုတ်ခွာထွက်ပြေးစဉ် နီးစပ်ရာနေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် နေအိမ်အလုံး ၅၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ ဆုံရွာအား တိုက်ခိုက်ဖျက်ဆီးမှုကို သိရှိလျှင်သိရှိချင်း ကျေးရွာနှင့်အနီးဆုံး လုံခြုံရေးတပ်ဖွဲ့များက ချက်ချင်းသွားရောက်ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြကာ ထိခိုက်ဒဏ်ရာရရှိသူ ကျေးရွာပြည်သူများအား မန္တလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေး၍ ဆေးဝါးကုသစောင့်ရှောက်မှုများ ပြုလုပ်ပေးသည့်အပြင် ဆုတ်ခွာထွက်ပြေးသွားသော PDF အမည်ခံ အကြမ်းဖက်သမားများအား လိုက်လံချေမှုန်းပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ အလွယ်တကူ စစ်ကူ/ပစ်ကူရောက်ရှိရန် ကန့်သတ်ချက်ရှိသည့် အစွန်အဖျား ကျေးရွာ/ရပ်ကွက်အုပ်စုများရှိ ကျေးရွာသူ ကျေးရွာသားများ အကြောက်တရားဖြစ်ပေါ်လာစေရန် လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကျေးရွာနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ ရွာသူ ရွာသားများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိရာ ယခု ဆုံရွာတိုက်ခိုက်မှုဖြစ်စဉ်သည် အပြစ်မဲ့ပြည်သူအများဆုံး သေဆုံးထိခိုက်ခဲ့သည့် စိတ်မချမ်းမြေ့ဖွယ် အဖြစ်ဆိုးတစ်ခုဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် CRPH/NUG အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးမှုများဖြင့် အစွန်အဖျားကျသည့် ကျေးရွာအုပ်စုများအတွင်း ဝင်ရောက်ပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ကိုင်လျက်ရှိသည်။ ဒီမိုကရေစီအရေး၊ အာဏာရှင်တော်လှန်ရေးဟု ကြွေးကြော်ပြီး အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်များကို လုပ်ကိုင်ကာ ပြည်ပမှ အထောက်အပံ့များရယူခြင်း၊ ကျေးရွာများအတွင်း ဆက်ကြေးကောက်ခံခြင်း၊ ဒေသအတွင်းရှိ သယံဇာတပစ္စည်းများကို ခိုးထုတ်ရောင်းချကြပြီး အင်အားတောင့်တင်းအောင် ပြုလုပ်ကြကာ ပြည်သူများကို အကြောက်တရားကြီးမားလာအောင် ပြုလုပ်ပြီး အာဏာတည်ဆောက်နေသော အဖျက်သမားသောင်းကျန်းသူများဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တိုင်းပြည်နှင့်ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိချိန်တွင် အကြမ်းဖက်အဖျက်သမားများက တိုင်းပြည်နှင့် လူထုအကျိုးစီးပွားများပျက်စီးစေရန် တစိုက်မတ်မတ် လုပ်ကိုင်နေကြသည်။

သောင်းကျန်းသူအဖျက်သမားများသည် အစွန်အဖျားဒေသများသို့ ဝင်ရောက်ခိုလှုံပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ကိုင်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးပျက်စီးမှုများနှင့် ကြုံတွေ့နေရသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများက ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးပြီး ပြည်သူလူထု၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ အကြမ်းဖက်အဖျက်သမားများ ချုပ်ငြိမ်းပပျောက်ရေးအတွက် ပြည်သူလူထုလုံခြုံရေးစနစ်တွင် ပူးပေါင်းပါဝင်ကူညီခြင်း၊ အကြမ်းဖက်သမားများ၏ သတင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လျှို့ဝှက်သတင်းပေး ကူညီဆောင်ရွက် ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်အဖျက်သမားများကို ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်
## “အသိပေးကြေညာချက်”

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၄-၂၀၂၅ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၉၆၂ | ၈,၃၆၉,၉၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၆,၇၆၃ | ၁၉,၉၅၀,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၀၀ | ၃,၅၅၂ | ၅,၃၇၈,၀၅၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁၃ | ၂၁,၄၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၂,၁၀၀ | ၂,၁၅၀ | ၂,၆၈၃ | ၅,၇၃၄,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

ပျံ့သန်းရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာတော်သင်များ စေလွှတ်လျက်ရှိမှု အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။



**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား သင်တန်းနှင့်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur အား ယနေ့ နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်တွင် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur တို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်း ဌာနကြီး ဌာနကြီးမှူး ယာယီရဲမှူးချုပ် ကျော်ဇေယျတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အတူ သံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခံရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြိုဆိုပါကြောင်း၊ သံအမတ်ကြီးတာဝန်ထမ်းဆောင်ချိန်ကာလတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်းပြောကြားပြီး ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် အာမခံဆိုင်ရာသင်တန်းများ ပံ့ပိုးပေးနိုင်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur အား ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။




**ဆွေးနွေး**

တွေ့ဆုံစဉ် နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော MoU အရ အိန္ဒိယနိုင်ငံ၏ ကူညီမှုရန်ပုံငွေဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် အကျိုးရလဒ်များ၊ အလားတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် MoU အသစ်ထပ်မံရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု၊ နှစ်နိုင်ငံ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် "ဦးသန့်"စာကြည့်တိုက်နှင့် ပြတိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတက်ရောက်

ပုသိမ် မေ ၁၀

၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ မြေဆီလွှာဖွံ့ဖြိုးရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပေးအပ်ပွဲနှင့် ကြဲပက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဇီးဖြူစုကျေးရွာရှိ စိုက်ကေ ၁၁ ကေတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တောင်သူများထံ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များပေးအပ်ပြီး တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)များ စုပေါင်းကြဲပက်ကြသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မြေဆီလွှာများ ပြန်လည်ကောင်းမွန်စေရေးအတွက် သဘာဝမြေဩဇာများ ပြန်လည်ထည့်သွင်းခြင်း၊ မြေပြုပြင်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ သိသိသာသာတိုးတက်လာသည်ကိုတွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေများ မြေဆီလွှာများ ပြန်လည်ကောင်းမွန်စေရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လာသည်မှာ သုံးနှစ်တိုင်တိုင်ရှိပြီဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုများကိုလျှော့ချပြီး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိန်ကိုက် အချိုးကျထည့်သွင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေးတွင် ကျင်းပပြုလုပ်သည့် "ဦးသန့်" စာကြည့်တိုက်နှင့် ပြတိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် "ဦးသန့်"စာကြည့်တိုက်နှင့် ပြတိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပန်းတနော်မြို့ မြတောင်ကျောင်းတိုက် ဒုတိယနာယက ဆရာတော် ဉာဏကုမာရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့က "ဦးသန့်" စာကြည့်တိုက်နှင့်ပြတိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ ပန်းတနော်မြို့ မြတောင်ကျောင်းတိုက် ဒုတိယနာယက ဆရာတော် ဉာဏကုမာရက အဖွင့်ဩဝါဒစကားမိန့်ကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)များ စုပေါင်းကြဲပက်ကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စာကြည့်တိုက်နှင့်ပြတိုက်အဆောက်အအုံကို ရေရှည်တည်တံ့ပြီး စာကြည့်တိုက်လုပ်ငန်းများတိုးတက်အောင်မြင်စေရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန်လိုကြောင်း၊ "ဦးသန့်" စာကြည့်တိုက်နှင့်ပြတိုက်အဆောက်အအုံကို ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံအတွက်၊ တိုင်းဒေသကြီးအတွက် မြို့သူမြို့သားများအတွက် ဂုဏ်ယူစရာဖြစ်ကြောင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တောင်သူများထံ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်စဉ်။

## စာကြည့်တိုက်ပေါင်း ၃၂၃ တိုက်ရှိ

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးတွင် ရှင်သန်ခိုင်မာနေသည့် စာကြည့်တိုက်ပေါင်း ၃၂၃ တိုက်ရှိပြီး ချို့ယွင်းပျက်စီးနေသည့် စာကြည့်တိုက်များကိုလည်း ပြန်လည်ပြုပြင်ရန်လိုအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းအတွက် ထောက်ပံ့ပေးသည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်သူများ အသိပညာပြည့်ဝရေး၊ လူငယ်များ ဗဟုသုတပြည့်ဝရေးနှင့် ပညာရည်မြင့်မားရေးကို တိုက်တွန်းအားပေးလျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံး စာကြည့်တိုက်များ ပေါ်ထွက်လာရေးနှင့် စာတတ်သူတိုင်းစာဖတ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဦးသန့် စာကြည့်တိုက်အတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်မှ လှူဒါန်းသည့် ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ စာအုပ်တင်စင် ရှစ်စင်နှင့် ငွေကျပ် ၆၅ သိန်း တန်ဖိုးရှိ စာအုပ်စာစောင်များ၊ စာကြည့်တိုက်အဆောက်အအုံအသစ်တစ်လုံး တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း ၁၅၀ နှင့် စာအုပ် ၁၀၀၀ ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် စာအုပ်စာစောင်များ၊ DTH စလောင်း တစ်စုံ၊ Set Top Box သုံးလုံးနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် စာအုပ် ၃၀၀ တို့ကိုလည်းကောင်း၊ သာသနာရေးဦးစီးဌာန တိုင်းဦးစီးမှူးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသည့် စာအုပ်များကိုလည်းကောင်း၊ စေတနာရှင် အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် မြို့မိမြို့ဖတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အတန်းပညာနှင့်အတူ အတတ်ပညာပါ လေ့လာဆည်းပူးနိုင်ဖို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်ကြပါစို့

## ကေတာ

ကျောင်းသား ကျောင်းသူများ စနစ်တကျ စီတန်းစိုက်ပျိုးထားသော သီးပင်စားပင်များနှင့် တစ်ထပ်စာသင်ဆောင်များသည် အလွန်ပင်ပနံရလှသည်။ ထို့ပြင် သင်ထောက်ကူပစ္စည်းများ၊ စာသင်ခန်းအတွင်း ဆရာ ဆရာမများ၏ စာသင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ပါဝင်စားစွာ လိုက်ပါဆွေးနွေးသင်ယူနေမှုတို့မှာလည်း ဆရာနှင့် တပည့်တို့အကြား အပေးအယူမျှ Harmony ဖြစ်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအထက်တန်းကျောင်း (ညောင်နှစ်ပင်)တွင် ဖြစ်သည်။



### စိုက်ပျိုးရေးဘာသာရပ်နှင့် မွေးမြူရေးဘာသာရပ်တို့ကို တွဲဖက်သင်ကြား

စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး ပညာရပ်များကို မြန်မာလူငယ်တို့အကြား ပြန့်ပွားစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် မြန်မာတစ်နိုင်ငံလုံး၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေးဘာသာရပ်နှင့် မွေးမြူရေးဘာသာရပ်တို့ကို တွဲဖက်သင်ကြားစေခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေးအထူးပြုဘာသာရပ်နှင့် မွေးမြူရေးအထူးပြုဘာသာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-10 သင်ရိုး စိုက်ပျိုးရေးအထူးပြုဘာသာရပ်ဖြင့် ၁၀၂၂ ဦး ဖြေဆိုအောင်မြင်ခဲ့သည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၏ Grade-10 သင်ရိုးတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ၊ ပေါင်းစပ်သိပ္ပံ (ဓာတု+ရူပ)နှင့် စိုက်ပျိုးရေးအထူးပြုဘာသာရပ်များအဖြစ် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၁)တွင် လယ်ယာသီးနှံဘာသာနှင့် မွေးမြူရေးဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၂)တွင် ဥယျာဉ်ခြံသီးနှံဘာသာနှင့် မြေဆီလွှာသိပ္ပံဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် ကိမိလဗေဒဘာသာရပ်၊ ကွင်းလက်တွေ့လေ့ကျင့်ခြင်းဘာသာရပ်တို့ကို စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပေးလျက်ရှိသည်။

Grade-11 သင်ရိုးတွင် စာပေအထောက်အကူပြု ဘာသာရပ်များအပြင် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (၁) တွင် လယ်ယာသီးနှံဘာသာနှင့် မွေးမြူရေးဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၂) တွင် ဥယျာဉ်ခြံသီးနှံဘာသာနှင့် မြေဆီလွှာသိပ္ပံဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် ကိမိလဗေဒဘာသာရပ်၊ အခြေခံကွန်ပျူတာသိပ္ပံဘာသာရပ်၊ ကွင်းလက်တွေ့လေ့ကျင့်ခြင်းဘာသာရပ်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

Grade-12 သင်ရိုးစာပေအထောက်အကူပြုဘာသာရပ်အဖြစ် မြန်မာစာနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (၁) တွင် လယ်ယာသီးနှံဘာသာနှင့် မွေးမြူရေးဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (၂) တွင် ဥယျာဉ်ခြံသီးနှံဘာသာနှင့် မြေဆီလွှာသိပ္ပံဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၃) တွင် စိုက်ပျိုးရေးရက္ခဗေဒဘာသာနှင့် လယ်ယာသုံးစက်ကိရိယာဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် လယ်ယာသုံး စက်ကိရိယာဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် ကိမိလဗေဒဘာသာရပ်၊ လူမှုရေးသိပ္ပံဘာသာရပ်တွင် စိုက်ပျိုးစီးပွားဘာသာရပ်နှင့် စိုက်ပျိုးရေးပညာပေးဘာသာရပ်၊ အခြေခံကွန်ပျူတာသိပ္ပံဘာသာရပ်၊ ကွင်းလက်တွေ့ လေ့ကျင့်ခြင်းဘာသာရပ်တို့ကို သင်ကြားပေးမည်ဖြစ်သည်။

"Grade-12 အောင်မှ စိုက်ပျိုးရေးတက္ကသိုလ်တက်ရမယ်ဆိုတာကို အခုတော့ ပေါင်းကူးအနေနဲ့ အတန်းပညာ၊ အတတ်ပညာရပ်တွေ လေ့လာသင်ယူခွင့်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးအခြေခံထားတဲ့နိုင်ငံဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုပါတယ်။ မတိမ်ကောတဲ့ ပညာရပ်တွေလို့မြင်မိပါတယ်။ ပြီးတော့ အခွင့်အလမ်းတွေလည်း များစွာရရှိမယ်လို့ ယုံကြည်တဲ့အတွက် တက်ရောက်ဖြစ်တာ ဖြစ်ပါတယ်"ဟု စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသားတစ်ဦးက ပြောကြားသည်။

### သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့များ ဖွဲ့စည်း

သင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၊ စိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတည်းဖြတ်ရေးအဖွဲ့၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတည်းဖြတ်ရေးအဖွဲ့၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းစိစစ်အတည်ပြုရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခု၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်းအထိ ရှိလာမည်ဖြစ်သည်။

> လူငယ်များအတွက် အတန်းပညာနှင့်အတူ အသက်မွေးအတတ်ပညာတို့ကိုပါ တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ နိုင်ငံအနှံ့ဖွင့်လှစ်ခြင်းသည် နိုင်ငံအတွက် အားထားရမည့် စွမ်းရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းလည်းဖြစ်သည်။ နိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့် ကျွမ်းကျင်လူငယ်လုပ်သား လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများမှ မွေးထုတ်ပေးတော့မည်

### အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ

အဆိုပါကျောင်းများသည် ကချင်ပြည်နယ်တွင် လေးကျောင်း၊ ကယားပြည်နယ်တွင် တစ်ကျောင်း၊ ကရင်ပြည်နယ်တွင် နှစ်ကျောင်း၊ ချင်းပြည်နယ်တွင် နှစ်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ငါးကျောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးကျောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်ကျောင်း၊ မကွေးတိုင်းဒေသကြီးတွင် ငါးကျောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၀ ကျောင်း၊ မွန်ပြည်နယ်တွင် လေးကျောင်း၊ ရခိုင်ပြည်နယ်တွင် ငါးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၁ ကျောင်း၊ ရှမ်းပြည်နယ်တွင် ၁၅ ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်ကျောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် လေးကျောင်း တည်ရှိမည်ဖြစ်သည်။

"တက်ရောက်လိုတဲ့သူတွေအနေနဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်လက်တွေ့လုပ်ငန်းတွေ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျန်းမာရေးကောင်းမွန်တဲ့သူဖြစ်ရပါမယ်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ Grade-9 အောင်မြင်တဲ့သူတွေ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ Grade-9 အောင်မြင်ခဲ့တဲ့သူတွေ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ Grade-10 အောင်မြင်တဲ့သူတွေ ဒါမှမဟုတ် ကျရှုံးသူ၊ ရပ်နားထားသူတွေကို သတ်မှတ်ဦးရေအပေါ် မူတည်ပြီး ဦးစားပေးတက်ရောက်နိုင်မှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**စာမျက်နှာ ၇ သို့** ☆





# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မွေးမြူရေးအစာလိုအပ်ချက် အလုပ်ရုံဆွေးနွေးပွဲနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲများသို့ တက်ရောက်





**နေပြည်တော် မေ ၁၀**

မြန်မာ့မွေးမြူရေးကဏ္ဍ အတွက် တိရစ္ဆာန်အစာလိုအပ်ချက် ပမာဏကို ပြည်တွင်းကုန်ကြမ်းဖြင့် လုံလောက်စွာ ထုတ်လုပ်ပြီး ပြည်ပမှ တင်သွင်းသည့် အစာကုန်ကြမ်းများ၏ အရည်အသွေး၊ ဈေးနှုန်းတို့နှင့် ယှဉ်ပြိုင်နိုင်မှုရှိစေရေး အထောက်အကူဖြစ်စေမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်သော **“မွေးမြူရေးအစာလိုအပ်ချက် အလုပ်ရုံဆွေးနွေးပွဲ”**ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်ဆွေးနွေး**

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ ဆက်စပ်အသင်းအဖွဲ့များ၊ မွေးမြူရေးအစာ ထုတ်လုပ်တင်သွင်းသည့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရှင်များနှင့် သုတေသီများ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းအတွက် အစာကုန်ကြမ်း အမှန်တကယ်လိုအပ်မှုနှင့် ထုတ်လုပ်မှုအခြေအနေအမှန်ကို သိရှိနိုင်ရန်၊ ကုမ္ပဏီလုပ်ငန်းရှင်များ၏ မွေးမြူရေးအစာကုန်ကြမ်းတင်သွင်းမှု လက်ရှိအခြေအနေနှင့် ပြည်တွင်း၌ ထွက်ရှိသော ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာ ထုတ်လုပ်မည်ဆိုပါက လုံလောက်မှု ရှိ၊ မရှိ ဖော်ထုတ်နိုင်ရန်၊ မွေးမြူရေးအစာ ထုတ်လုပ်ရာတွင် အသားဓာတ် အရင်းအမြစ်အဖြစ် အသုံးပြုသည့် ဆီကြိတ်ဖတ်များ၏ ပြည်တွင်းထွက်ရှိမှုအခြေအနေနှင့် တိရစ္ဆာန်အစာကုန်ကြမ်းအဖြစ် သုံးစွဲရာတွင် သတ်မှတ်သင့်သည့် အရည်အသွေးစံနှုန်းများ ဆွေးနွေးဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဆက်စပ်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်များ၊ သုတေသီများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် ရည်ရွယ်ချက်ပါအတိုင်း အထောက်အကူဖြစ်စေမည့် အကြံဉာဏ်များ၊ လက်ရှိစိန်ခေါ်မှုများ၊ လိုအပ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ရှုထောင့်အမျိုးမျိုးမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြည်တွင်းမွေးမြူရေးအစာ လိုအပ်ချက်နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နိုင်ငံတော်အနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး ကြိုးပမ်းမှုနှင့်အတူ ဆီစက်များမှ ထွက်ရှိလာသော ဆီကြိတ်ဖတ်များကို မွေးမြူရေးအစာ ထုတ်လုပ်မှုကဏ္ဍ၌ အရည်အသွေးပြည့်မီ လုံလောက်စွာ အသုံးချနိုင်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိကတို့ အလေးအနက်ထား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးတင်ဆွေဝင်းနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် စီမံဆောင်ရွက်မှုများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး သာမက ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သော နိုင်ငံ့ဝန်ထမ်းကောင်းများ အဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးချက်များကို နိုင်ငံ့ဝန်ထမ်းများအားလုံး စနစ်တကျ လေ့လာမှတ်သား လိုက်နာသွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး ဦးတင်ဆွေဝင်းက အဂတိလိုက်စားမှုကို တိုက်ဖျက်ရာ၌ အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံအကျဆုံးဖြစ်သည့်အတွက် အဂတိလိုက်စားမှုဆိုင်ရာ အသိပညာများကို ဝန်ထမ်းတိုင်း သိရှိထားရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခံရခြင်းမရှိစေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်ဝတ်လိုက်နာပြီး ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်သင့်ကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥပဒေရေးရာဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးနှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုင်ကြားစာကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





☆ စာမျက်နှာ ၆ မှ

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ စိုက်ပျိုးရေးအတတ်ပညာ သုံးနှစ်သင်တန်းအောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ၊ အစိုးရစက်မှုလက်မှုသိပ္ပံ ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ သုံးနှစ်သင်တန်းအောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ၊ ငါးလုပ်ငန်းသိပ္ပံ ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပထမနှစ်သို့လည်းကောင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

**ဇွန်လ ၃ ရက်နေ့တွင် ဖွင့်လှစ်သွားမည်**

ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ယခုနှစ် မေလ ၁၀ ရက်နေ့မှစတင်ထုတ်ယူနိုင်ပြီး မေလ ၁၉ ရက်နေ့ နောက်ဆုံးထား၍ တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်ကာ ကျောင်းများကို ဇွန်လ ၃ ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

“ကလေးတွေအတွက် အခွင့်အလမ်းသစ်တွေကို ဖွင့်လှစ်ပေးလိုက်တာဖြစ်ပါတယ်။ ဒီကျောင်းက သုံးနှစ်သင်တန်းပြီးတာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ လက်မှတ်ရရှိပြီဖြစ်ပါတယ်။ ထူးချွန်ရင် အစိုးရစက်မှုလက်မှုသိပ္ပံ၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံတွေမှာ ဆက်လက်တက်ရောက်နိုင်ပြီး ဒီထက်ထူးချွန်ရင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေမှာ တက်ရောက်ခွင့်ရမှာ ဖြစ်ပါတယ်။ သူတို့ဘဝအတွက် များစွာအထောက်အကူပြုစေတဲ့ကျောင်းဖြစ်တယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်”ဟု အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပြောကြားသည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသည် အသက်မွေးအတတ်ပညာများကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ မြန်မာကျောင်းသားလူငယ်တို့အတွက် သင်ယူမှု အခွင့်အလမ်းသစ်တို့ မွေးဖွားပေးရာ နေရာလည်းဖြစ်သည်။

လူငယ်များအတွက် အတန်းပညာနှင့်အတူ အသက်မွေးအတတ်ပညာတို့ကိုပါ တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးသည့် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ နိုင်ငံအနှံ့ ဖွင့်လှစ်ခြင်းသည် နိုင်ငံအတွက် အားထားရမည့် စွမ်းရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းလည်း ဖြစ်သည်။

နိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့် ကျွမ်းကျင်လူငယ်လုပ်သားလူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများမှ မွေးထုတ်ပေးတော့မည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အားပါဝင်ဖို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၀**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ "International Day of the Midwive and International Nurses Day" အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(နေပြည်တော်) ဘက်စုံသုံးခန်းမကြီး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်/မန္တလေး)မှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သူနာပြုအရာရှိများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများ၊ သားဖွားများ၊ တပ်မတော်ဆေးရုံများမှ သူနာပြုများ၊ သူနာပြု/သားဖွား/နှီးနွှယ် သင်တန်းကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်များ၊ နည်းပြများ၊ ဒုနည်းပြများ၊ သင်တန်းသား သင်တန်းသူများ၊ ပုဂ္ဂလိကဆေးရုံများမှ သူနာပြုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သူနာပြုများနှင့် သားဖွားများ၏ ပြည်သူလူထုတစ်ရပ်လုံးအပေါ် အကျိုးပြုမှုများကို အသိအမှတ်ပြုသောအားဖြင့် ဖလောရင့်နိုက်တင်ဂေးလ် (Florence Nightingale)၏ မွေးနေ့ဖြစ်သည့် မေ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့အဖြစ် International Council of Nurses(ICN)က ၁၉၇၄ ခုနှစ်မှစတင်၍ သတ်မှတ်ခဲ့ပြီး မေ ၅ ရက်ကို အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့အဖြစ် International Confederation of Midwives(ICM) က ၁၉၉၁ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့၍ နှစ်စဉ်နှစ်တိုင်း သူနာပြုသားဖွားများ၏ စွမ်းဆောင်ရည်များ မြင့်မားစေရန်ရည်ရွယ်၍ ဆောင်ပုဒ်များ သတ်မှတ်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ ဆောင်ပုဒ်၏ Theme မှာ "Midwives: A vital Climate Solution" "သားဖွားအရည်အသွေး ထိန်းသိမ်းလို့ အနာဂတ်ကမ္ဘာကို စောင့်ရှောက်စို့" ဟုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့၏ Theme ဖြစ်သော "Our Nurses. Our Future. The Economy Power of Care"ကို "ကျန်းမာစီးပွားရင်းနှီးလို့ ရှေ့အနာဂတ် ဖွံ့ဖြိုးဖို့ သူနာပြုစုမှုစွမ်းအားမြှင့်တင်စို့"ဟု ဘာသာပြန်ဆိုထားပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်ကချီးမြှင့်သည့် ဝဏ္ဏကျော်ထင်ဘွဲ့ကို ဖလောရင့်နိုက်တင်ဂေးလ်ဆုရှင် ဦးစနိုင်နိုင်ထွန်း(သူနာပြုကြီး)အား ပေးအပ်စဉ်။

**အဓိကကျသူများ**

သူနာပြုနှင့် သားဖွားများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် မကျန်းမာသူများအား ပြုစုပေးခြင်း၊ မကျန်းမာမှုမဖြစ်စေရန် ကာကွယ်ပေးခြင်း၊ ကျန်းမာသူများ ပိုမိုကျန်းမာအောင် တိုးမြှင့်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ရေးတွင် ပြုစုစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေကြသည့်အတွက် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု (Universal Health Coverage)ကို ရရှိနိုင်ရေးအတွက် အရေးပါလှသော ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကကျသူများ ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ သူနာပြုနှင့် သားဖွားအင်အားစုသည် ကျန်းမာရေးလုပ်စွမ်းအား အရင်းအမြစ်အားလုံး၏ ၅၀ ရာနှုန်းနီးပါးဖြစ်သည့်အတွက် ပြည်သူလူထုကို အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သူနာပြုနှင့် သားဖွားများ၏ အလွန်အရေးပါသော အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်း ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားများအနေဖြင့်လည်း ပြည်တွင်းမှသာမက နိုင်ငံတကာမှ အသိအမှတ်ပြုရသည့် စံနမူနာကောင်းများကို အတုယူပြီး ကြိုးစားအားထုတ်ကြစေလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဖလောရင့်နိုက်တင်ဂေးလ်ဆုရှင်များဖြစ်သော ဗိုလ်မှူးဒေါ်ခင်အုန်းမြ၊ ဒေါ်အမ်ယောနမ် (လက်ထောက် ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဒေါ်သိန်းရီ (အမျိုးသမီးကျန်းမာရေးဆရာမ-ငြိမ်း)နှင့် ဦးစနိုင်နိုင်ထွန်း(သူနာပြုကြီး)တို့အား ဝဏ္ဏကျော်ထင်ဘွဲ့ကို လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအပေါ် အကြမ်းဖက်မှုများကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် သူနာပြုနှင့် သားဖွားခြောက်ဦးတို့အား ရဲဗလဘွဲ့တံဆိပ်ကို လည်းကောင်း ချီးမြှင့်ခဲ့ပါကြောင်း၊ မျိုးဆက်သစ် သူနာပြုနှင့်သားဖွားများအား သူနာပြုနှင့် သားဖွားလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များနှင့် ထိန်းသိမ်းရမည့် အမူအကျင့်များအတိုင်း ပြည်သူလူထုအား ပြုစုစောင့်ရှောက်မှုပေးကြရန်နှင့် မိမိတို့၏ သူနာပြုနှင့် သားဖွားအသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် ကျင့်ဝတ်များကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်း၍ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ချီးမြှင့်သည့် ဝဏ္ဏကျော်ထင်ဘွဲ့နှင့် ရဲဗလဘွဲ့တံဆိပ် အပ်နှင်းခံရသူ သူနာပြု၊ အမျိုးသမီးကျန်းမာရေးဆရာမနှင့် သားဖွား ၁၀ ဦးတို့ကို ဂုဏ်ပြုအထိမ်းအမှတ်ဆု ချီးမြှင့်ပေးခဲ့ပြီး သူနာပြု သင်တန်းသားသင်တန်းသူများက ကရုဏာအလင်း သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အထက်တန်းသူနာပြုဆရာမတစ်ဦးက မီးအိမ်ရှင်သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့နှင့် ပတ်သက်သည့် စဉ်ဆက်မပြတ် သူနာပြုသားဖွားပညာရေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့၏ ဆောင်ပုဒ်များကို လည်းကောင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး(သူနာပြု-သားဖွား) ဒေါ်စန်းစန်းယဉ်က အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့နှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည်များကို လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူး(သူနာပြု-သားဖွား) ဒေါ်ငွေးငွေးလှိုင်က အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည်များကို လည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြပြီး ဖလောရင့်နိုက်တင်ဂေးလ် ဆုရှင် ဝဏ္ဏကျော်ထင် ဦးစနိုင်နိုင်ထွန်းက ၎င်း၏ စွမ်းဆောင်ရည်များကို လည်းကောင်း၊ သားဖွားဆရာမ ဒေါ်စန်းစန်းမြင့်က ၎င်း၏ အတွေ့အကြုံများကိုလည်းကောင်း မျှဝေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၄၃)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် မေ ၁၀**

၂၀၂၄ ခုနှစ် မေ ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်မည့် (၄၃)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြိတ်မြို့၌ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

**မြိတ် မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မိုးကြိုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်နိုင်သဖြင့် မြိတ်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ပြည်သူများအား လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် သတိပေးနှိုးဆော်၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မော်တော်ယာဉ်ဖြင့် လှည့်လည်၍ အသံချဲ့စက်ဖြင့် လေပြင်းဘေးအန္တရာယ်နှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရန်/ရှောင်ရန် အချက်များကို သတိပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြပြီး သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်တွင် လိုက်ပါလာကြသည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**နေပြည်တော် မေ ၁၀**

မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်( Familiarization Trip– FAM Trip)တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ ကြိုဆိုစဉ် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများက ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်တွင် လိုက်ပါလာသည့် ကိုယ်စားလှယ်များအား အမှတ်တရပန်းကုံးများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မြန်မာ့ရိုးရာအိုးစည်ဒိုးပတ် သူငယ်တော်အကများဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို တရုတ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရန်နှင့် တရုတ်ခရီးသွားဈေးကွက်တွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ပိုမိုသိရှိလာစေရေး မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆိုပါအဖွဲ့ကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip– FAM Trip) တွင် တရုတ်နိုင်ငံရှိ ပေကျင်း၊ ကူမင်း၊ ယူနန်၊ ကွေ့လင်၊ ချုံချင့်၊ ချန်ဒူး အစရှိသောဒေသများမှ ခရီးသွားအေဂျင်စီများ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ဌာနများနှင့် မီဒီယာများမှ ကိုယ်စားလှယ် ၄၁ ဦးတို့ လိုက်ပါလာကြပြီး မြန်မာနိုင်ငံ၏အထင်ကရ ခရီးစဉ်ဒေသများဖြစ်သည့် ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ နေပြည်တော်၊ ငွေဆောင် စသည့်ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရဲ့ လှပတဲ့သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့တွေကို တရုတ်နိုင်ငံနဲ့ မိတ်ဆက်ပေးဖို့အတွက် လာရောက်ခဲ့တာဖြစ်ပါတယ်

**Mr.LIUWEI**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဌာနများမှကိုယ်စားလှယ်များ၊ မီဒီယာများနှင့် ခရီးသွားအေဂျင်စီများမှ ကိုယ်စားလှယ်များပါဝင်သော မြန်မာ-တရုတ်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် Familiarization Trip–FAM Trip အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ယနေ့မွန်းလွဲပိုင်းတွင်ရောက်ရှိခဲ့သည်။

အဆိုပါ မြန်မာ-တရုတ်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် Familiarization Trip–FAM Trip အဖွဲ့ တာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုမှ တာဝန်ရှိသူတို့၏ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။



ဦးဇေယျာမျိုးအောင်



ဦးနန္ဒအောင်



Mr.LIUWEI



ဦးကျော်မင်းလှိုင်



**ဦးဇေယျာမျိုးအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)**

မြန်မာနိုင်ငံမှာ တရုတ်ခရီးသွားလုပ်ငန်းဈေးကွက်နဲ့ ပတ်သက်ပြီး မြှင့်တင်ဖို့ မြန်မာ-တရုတ်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ Familiarization Trip–FAM Trip ခရီးစဉ်ကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်း၊ ကူမင်း၊ ယူနန်၊ ကွေ့လင်း၊ ချုံချင့်က ခရီးသွားဧည့်သည် ၄၁ ဦးပါဝင်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံနဲ့ ငွေဆောင်စတဲ့ အဓိကခရီးစဉ်ဒေသတွေကို မေ ၂၀ ရက်အထိ လေ့လာလည်ပတ်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ခရီးစဉ်ဒေသတွေအကြောင်းကို ပိုမိုသိရှိစေမှာလည်း ဖြစ်ပါတယ်။ ဒီအဖွဲ့မှာ တရုတ်နိုင်ငံရဲ့မီဒီယာတွေလည်း ပါဝင်တာကြောင့် မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိပြီး လာရောက်လည်နိုင်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံတကာ ခရီးသွားဧည့်သည် ဝင်ရောက်မှုကို ကြည့်မယ်ဆိုရင် ဗီဇာနဲ့လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေထဲမှာ တရုတ်နိုင်ငံသား အများဆုံးဖြစ်ပါတယ်။ ထိုင်းနိုင်ငံက ခရီးသွားဟာ ဒုတိယလိုက်ပါတယ်။ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်းအနေနဲ့ ထိုင်းနိုင်ငံခရီးသွားနဲ့ ပတ်သက်ပြီး Familiarization Trip–FAM Trip ကို လုပ်ဆောင်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းတွေ၊ အသင်းတွေ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် အသင်းတွေ ပူးပေါင်းပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ Familiarization Trip–FAM Trip ကို လုပ်ဆောင်ခဲ့ပြီးပါပြီ။ အခုရောက်ရှိလာတဲ့ အဖွဲ့နဲ့အတူပါလာတဲ့ မီဒီယာတွေက သူတို့နဲ့သက်ဆိုင်ရာ ချယ်နယ်တွေအပြင် လူမှုကွန်ရက်တွေမှာ ထုတ်လွှင့်ကြတဲ့အခါ ပိုမိုသိရှိပြီးတော့ မြန်မာနိုင်ငံရဲ့ ခရီးသွားကဏ္ဍကို နိုင်ငံတကာက စိတ်ဝင်စားလာစေမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံကို အိမ်နီးနားချင်းနိုင်ငံတွေက အများဆုံး လာရောက်လည်ပတ်နေတာ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ခရီးသွားဧည့်သည်တွေကိုလည်း ဆိုက်ရောက်ဗီဇာစနစ်နဲ့ ခွင့်ပြုထားတာကြောင့် အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေကလည်း လာရောက် လည်ပတ်နေပါတယ်။ မြန်မာနိုင်ငံကို ၂၀၂၃ ခုနှစ်မှာ နိုင်ငံတကာ ခရီးသွားဧည့်သည် ၁ ဒသမ ၂၃ သန်း ဝင်ရောက်ခဲ့ပြီးတော့ ၂၀၂၄ ခုနှစ်ရဲ့ နှစ်ဆန်းပိုင်းမှာလည်း ခရီးသွားတွေ ဝင်နေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာဆိုရင် ခရီးသွားလုပ်ငန်းဟာ ကိုဗစ်မတိုင်မီက အခြေအနေကို ပြန်လည်ရောက်ရှိနေပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်ရေး အစီအစဉ်တွေကို လုပ်ဆောင်နေပါတယ်။ ယခု မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် Familiarization Trip–FAM Trip ဟာလည်း နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး အစီအစဉ်တစ်ခုလည်းဖြစ်ပါတယ်။

**ဦးနန္ဒအောင် (ညွှန်ကြားရေးမှူး -ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ)**

အခုအစီအစဉ်ဟာ မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အဓိကဆောင်ရွက်တာဖြစ်ပါတယ်။ အခုခရီးစဉ်ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ခရီးသွားတွေ ထဲထဲဝင်ဝင်သိရှိပြီး မြန်မာနိုင်ငံကို လာရောက်လည်ပတ်ဖို့အတွက် ဖိတ်ခေါ်တာလည်းဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းကို ပြည်ပခရီးသွားဧည့်သည် ၈၀၀၀၀ ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်မှာ ၂၄၀၀၀၀ ဝင်ရောက်ခဲ့ပြီးတော့ ၂၀၂၄ ခုနှစ် ဧပြီလအထိ ခရီးသွား ၈၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ တရုတ်ခရီးသွား အများဆုံးဖြစ်ပြီးတော့ ဒုတိယ ထိုင်းခရီးသွားဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက ခရီးသွားတွေ ပိုမိုလည်ပတ်အပန်းဖြေနိုင်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ လက်ရှိလိုင်စင်ရဟိုတယ် ၄၉၃ လုံး ရှိပြီးတော့ သုံးပုံနှစ်ပုံ ဖွင့်လှစ်နေပြီး ခရီးသွားဧည့်သည်တွေ ဝင်ရောက်နေပါတယ်။

**Mr.LIUWEI (Chairman၊ Myanmar – China Culture Tourism Promotion Society)**

အခုခရီးစဉ်ဟာ တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးအပြင် ခရီးသွားမြှင့်တင်ရေးကို ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော် မြန်မာနိုင်ငံကို ရောက်ဖူးပါတယ်။ အခုပါလာတဲ့ ခရီးသွားတွေကတော့ မရောက်ဖူးသေးပါဘူး။ လေဆိပ်အဝင်မှာ တာဝန်ရှိသူတွေက နွေးနွေးထွေးထွေးကြိုဆိုကြတဲ့အပြင် အိုးစည်ဒိုးပတ်တွေနဲ့ မြန်မာ့ယဉ်ကျေးမှုကို စတင်တွေ့ရှိမှုဟာ ဒီခရီးစဉ်ရဲ့ ပထမဆုံးအံ့သြဝမ်းသာမှုတစ်ခုပါပဲ။ မြန်မာနိုင်ငံရဲ့ လှပတဲ့သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့တွေကို တရုတ်နိုင်ငံနဲ့ မိတ်ဆက်ပေးဖို့အတွက် လာရောက်ခဲ့တာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်မင်းလှိုင် (မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး-၁)**

ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနရဲ့လမ်းညွှန်မှုနဲ့အညီ ခရီးသွားလုပ်ငန်း အသင်းအဖွဲ့တွေအားလုံး စုစည်းပြီး တရုတ်ခရီးသွားဧည့်သည် ပိုမိုဝင်ရောက်လာနိုင်ဖို့အတွက် ခရီးသွားလည်ပတ်ဖို့ကောင်းတဲ့နိုင်ငံအဖြစ် သိရှိဖို့ စီစဉ်တာဖြစ်ပါတယ်။ ခရီးသွားအေဂျင်စီနဲ့ မီဒီယာတွေ ပါဝင်တာကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့လှပတဲ့ ခရီးသွားဒေသတွေကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုတွေ အချင်းချင်း ချိတ်ဆက်ပြီးတော့ မြန်မာနိုင်ငံကို ခရီးသွား ပိုမိုလာရောက်လည်ပတ်နိုင်ဖို့ ဖြစ်ပါတယ်။

**သတင်းစဉ်**

**ဓာတ်ပုံ – ကနူး**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၃/၂၀၂၄)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အား ဆန့်ကျင်သော လက်နက်ကိုင်တိုက်ခိုက်မှုများသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့တိုင် ဖြစ်ပွားလျက်ရှိပါသည်။ အဆိုပါ ဖြစ်စဉ်များကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ဆုံးရှုံးလျက်ရှိနေပါသည်။ ထို့ပြင် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အဦများဖြစ်သည့် လမ်းတံတားများ၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ၊ မီးရထားလမ်းများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အဦများလည်း ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။

၂။ လူသားအားလုံးအတွက် အသက်ရှင်သန်ခွင့်သည် အခြေခံအကျဆုံး အခွင့်အရေး ဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၃) တွင် “လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်” ဟု ဖော်ပြထားရှိပါသည်။ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာဖြစ်စဉ်နှင့် အခြားဆန့်ကျင်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများအပါအဝင် ပြည်သူများ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံခွင့်များ ဆုံးရှုံးနေကြရပါသည်။

၃။ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့မှာ ဒွန်တွဲလျက်ရှိပါသည်။ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုဖြစ်စဉ်များသည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားစေသည့်အပြင် ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့ကိုလည်း ထိပါးစေပါသည်။ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးမရှိပါက နိုင်ငံတော်တွင် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အဟန့်အတား ဖြစ်စေမည်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။

၄။ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ပြည်သူများ၏ အသက်ဆုံးရှုံးမှုနှင့် လူမှုစီးပွားဘဝ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်သူများက လူသားများ၏ အသက်ရှင်သန်ခွင့်နှင့် အခြေခံလူ့အခွင့်အရေးများကို အလေးထားကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ရှေးရှုကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်

မေလ (၉) ရက်နေ့ နံနက်ပိုင်းတွင် မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းကြောင့် ကျေးရွာနေ ဒေသခံပြည်သူအမျိုးသား (၁၇) ဦး၊ အမျိုးသမီး (၁၅)ဦး၊ စုစုပေါင်း (၃၂) ဦး သေဆုံးခဲ့ပြီး၊ အမျိုးသား(၅)ဦး၊ အမျိုးသမီး(၉)ဦး စုစုပေါင်း (၁၄) ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး လူငယ်ကင်းထောက်သင်တန်းနှင့် နွေရာသီလူငယ်သင်တန်းများ သင်တန်းဆင်းပွဲကျင်းပ

ပဲခူး မေ ၁၀

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး လူငယ်ကင်းထောက်သင်တန်းနှင့် နွေရာသီ လူငယ်သင်တန်းများ သင်တန်းဆင်းပွဲ ကျင်းပသည်။

**ဂုဏ်ပြုဆုငွေများပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် ကင်းထောက် ကျောင်းသား လူငယ်မောင်မယ်များက နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကင်းထောက်သင်္ကေတဖြင့် ဆက်သွယ်ခြင်း၊ တောတွင်းသုံးပစ္စည်း ပြုလုပ်ခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းကို လည်းကောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူများက ကာယပညာအတွဲ(၄)ဖြင့် လည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက ပန်းဖွားအကဖြင့် လည်းကောင်း၊ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာ သင်တန်း ကျောင်းသား ကျောင်းသူများက (၃၈)ဖြာ မင်္ဂလာကဗျာဖြင့် လည်းကောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက “မေတ္တာဖျန်းမှ လန်းဆန်းမယ်” သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက လူငယ်ကင်းထောက်သင်တန်းနှင့် နွေရာသီလူငယ်သင်တန်း နည်းပြများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြပြီး သင်တန်းတက်ရောက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့နှင့် ပြည်မြို့တို့တွင် ကင်းထောက်သင်တန်း၌ သင်တန်းသား သင်တန်းသူ ၁၂၀ ဖြင့် လည်းကောင်း၊ ယခုနှစ်မှစတင်၍ နွေရာသီလူငယ်သင်တန်း အင်္ဂလိပ်စာသင်တန်း၌ ကျောင်းသား ကျောင်းသူ ၃၈၀၊ ကွန်ပျူတာသင်တန်း၌ ကျောင်းသား ကျောင်းသူ ၈၀၊ ယဉ်ကျေးလိမ္မာ သင်တန်း၌ ကျောင်းသား ကျောင်းသူ ၁၅၀၊ ကာယပညာသင်တန်း၌ ကျောင်းသား ကျောင်းသူ ၆၀၊ ဘင်ခရာနှင့် ပန်းဖွားသင်တန်းတို့၌ ကျောင်းသား ကျောင်းသူ ၂၆၉ ဦးတို့အား ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် စက္ကူစက်ရုံ(ရေနီ) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ (ရေနီ)သို့ ရောက်ရှိပြီး စပါးစိုက်ပျိုးတောင်သူများ၊ MSME လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသည့် ကောက်ရိုးမှပျော့ဖတ်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြင့် ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်၊ စမ်းသပ်ထုတ်လုပ်သည့် ပျော့ဖတ်အရည်အသွေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက စပါးစိုက်ပျိုးတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် ကောက်ရိုးများကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုခြင်းနှင့် သဘာဝမြေဩဇာများအဖြစ်သာ အသုံးပြုလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ကောက်ရိုးမှ ပျော့ဖတ်ဖြစ်သည်အထိ တစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်မည်ဆိုပါက ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည့်အပြင် နိုင်ငံ၏ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ယခုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များသည် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြင့်သာ သုတေသနပြုဆောင်ရွက်နေခြင်းဖြစ်၍ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းများ၏ ဒီဇိုင်းပုံစံများကိုလည်း စနစ်တကျရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည့် နည်းစဉ်အဆင့်ဆင့်တို့ကိုလည်း မှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုနေသည့် ကောက်ရိုးမှပျော့ဖတ်ထုတ်လုပ်သည့်နည်းစဉ်များကိုလည်း လေ့လာမှီငြမ်းကိုးကားကြရမည်ဖြစ်ကြောင်းနှင့် ဓာတ်ခွဲခန်းအတွင်းရှိ အသေးစားစက္ကူစက်အား အမြန်ဆုံးကောင်းမွန်အောင် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် တန် ၂၀ ကတ်ထူစက္ကူစက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းများ စစ်ဆေးပြုပြင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအား သတ်မှတ်ရက်တွင် ပြန်လည်လည်ပတ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို အချိန်ဇယားများရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန်၊ စက္ကူထုတ်လုပ်သည့် ခေတ်မီနည်းစနစ်များကို ဝန်ထမ်းများ သိရှိနိုင်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးရန်၊ စက်ရုံမှထုတ်လုပ်မည့် ထုတ်ကုန်ပစ္စည်းများသည် ပြည်ပသွင်းကုန်အစားထိုးပစ္စည်းများဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးအနက်ထားပြီး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် မေ ၁၀**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသော ပြည်တွင်းရတနာကုန်သည်များကိုသာ မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် အုပ်စု(C)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လှေ့လာကြည့်ရှုကြသည်။

**ကြည့်ရှုစစ်ဆေး**

ယနေ့တွင် အုပ်စု(C)မှ ကျောက်စိမ်းအတွဲ အမှတ် (၂၇၅၁) မှ (၃၇၅၀) အထိ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲများအတွက် တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲနဝမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

ထို့ပြင်မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လှေ့လာဝယ်ယူသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ရတနာကုန်သည်များက ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ စနစ်တကျထည့်သွင်းဆောင်ရွက်နေမှု၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များ ရောင်းချနေမှု၊ လုပ်ငန်းကော်မတီများအလိုက် ရတနာပြပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲ၊ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ၊ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲနှင့် သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲကို ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၀**

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၂)တွင် အခြေခံရေတပ်သားဘာသာရပ်နှင့် ရေတပ်အချက်ပြဆက်သွယ်ရေးဘာသာရပ်ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းတို့တွင် လေ့လော့်ရွက်တိုက်ဘာသာရပ်ကိုလည်းကောင်း တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များအပြင် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန် ပျံသန်းရေးအုပ်များနှင့် ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ပုသိမ်မြို့ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူများသည် မိတ္ထီလာမြို့သို့ လေ့လာရေးခရီးသွားရောက်ရန်အတွက် တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၀**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ကျောင်းသားများ သုတေသနဆောင်ရွက်နေမှုကြည့်ရှုအားပေး



နေပြည်တော် မေ ၁၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မေ ၈ ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံမှ နည်းပညာအထောက်အပံ့ဖြင့် ဖွင့်လှစ်သည့် မန္တလေးမြို့ရှိ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် Myanmar Institute of Information Technology (MIIT)သို့ ရောက်ရှိပြီး အဆိုပါတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက တက္ကသိုလ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အမျိုးသားရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရာ၌ အထောက်အကူပြုမည့် အရည်အသွေးစံမီသော လူငယ် IT အင်ဂျင်နီယာကောင်းများကို ပျိုးထောင်ပေးကာ ပြည်သူ့အကျိုးပြု IT သုတေသနစီမံကိန်းများဖြင့် လွှမ်းခြုံသက်ဝင်နေသည့် ရပ်ဝန်းကောင်းဖြစ်စေရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းမြှင့်တင်ဆောင်ရွက်ရန်၊ တိုးတက်ပြောင်းလဲမှု မြန်ဆန်လျက်ရှိသော နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့နှုန်းတို့နှင့်အတူ လိုက်ပါနိုင်ရေးနှင့် စွမ်းရည်မြင့်နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး အလေးထား ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီး လိုအပ်ချက်တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည် ဌာနများရှိ လက်တွေ့ခန်းများတွင် အဖွဲ့လိုက် သုတေသနပရောဂျက်များ ဆောင်ရွက်နေသော ကျောင်းသားများကို ကြည့်ရှုအားပေးပြီး သုတေသနရလဒ်များနှင့် တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ AI (Artificial Intelligence) ကို အသုံးချသည့် Smart Agriculture ၊ Cyber Security ၊ EV (Electric Vehicle)၊ Industrial Engineering ၊ E-commerce နှင့် Healthcare ဆိုင်ရာ သုတေသနများကို မြှင့်တင်ဆောင်ရွက်သွားရန်၊ တိုင်းကျိုးပြည်ပြုသုတေသနစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး နိုင်ငံတကာ IT ပြိုင်ပွဲများတွင် ဆုများရရှိသော နိုင်ငံ့ဂုဏ်ရောင်ထွန်းပြောင်စေသည့် နည်းပညာကျောင်းသားများဖြစ်စေရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံသော လူကောင်းလူတော် နည်းပညာရှင်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ် ဥပဓိရုပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်အတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက သောက်သုံးရေများ လိုက်လံဖြန့်ဝေပေး



သထုံ မေ ၁၀

အပူချိန် မြင့်မားမှုကြောင့် ရေရှားပါးမှုနှင့်ကြုံတွေ့နေရသည့် မွန်ပြည်နယ်အတွင်းမှ မြို့နယ်အသီးသီးတို့ရှိ ပြည်သူများထံ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ယမန်နေ့က သောက်သုံးရေများ လိုက်လံ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဂါလန် ၄၈၄၀၀ ဖြန့်ဝေပေး**

လိုက်လံဖြန့်ဝေပေးရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ကျိုက်ထို၊ သထုံ၊ ပေါင်၊ ချောင်းဆုံနှင့် သံဖြူဇရပ်မြို့နယ်များရှိ ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာ ခြောက်ရွာတို့မှရေအခက်အခဲဖြစ်နေသည့် ပြည်သူများထံ ရေဂါလန် ပေါင်း ၄၈၄၀၀ ဖြန့်ဝေပေးခဲ့ကြသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ပြည်နယ်ဦးစီးမှူးရုံး၏ကြီးကြပ်မှုဖြင့် ရေအခက်အခဲဖြစ်သည့် ပြည်သူများထံ စဉ်ဆက်မပြတ် ရေဖြန့်ဝေပေးမှုများ ဆောင်ရွက်ခဲ့ပြီး ယခုလအတွင်း မေ ၇ ရက်မှ ၉ ရက် အထိ မြို့နယ် ခြောက်မြို့နယ်တို့မှ ရပ်ကွက် ၁၅ ရပ်ကွက်၊ ကျေးရွာ ခြောက်ရွာတို့ရှိ ပြည်သူများထံ သောက်သုံးရေ ဂါလန်ပေါင်း ၁၁၃၀၀၀ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ဧရာဝတီတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ အခမဲ့ရေပေးဝေ

ပုသိမ် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် မြို့နယ်အသီးသီးသို့ မီးသတ်ယာဉ်များဖြင့် အခမဲ့ရေပေးဝေခြင်း လုပ်ငန်းများကို မေ ၁၀ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှု၊ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ပုသိမ်မြို့နယ် မင်းကုန်းကြီးကျေးရွာသို့ ဒု-မီးသတ်ဦးစီးမှူး ဦးဝင်းဆန်း ဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦးတို့က မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် ရေဂါလန် ၁၈၀၀ အား အခမဲ့ပေးဝေလှူဒါန်းခဲ့သည်။

အလားတူ ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်ကလေးကျေးရွာသို့ ဦးစီးအရာရှိ ဦးမျိုးမြင့်စိုးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)တို့ ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦးတို့က မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် ရေဂါလန် ၈၀၀ နှင့် ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာသို့ ဦးစီးအရာရှိဦးသက်နိုင်ဝင်း ဦးဆောင်၍သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ရေဂါလန် ၂၄၀၀ တို့ကိုအခမဲ့ရေပေးဝေခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# မကွေးမြို့နယ် မီးသတ်ဦးစီးဌာနက တည်ပင်ကန်ပေါက်ကျေးရွာသို့ သောက်သုံးရေလှူဒါန်း



မကွေး မေ ၁၀

မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ သောက်သုံးရေ ရှားပါးသည့် နေရာဒေသများသို့ သောက်သုံးရေများ အခမဲ့လှူဒါန်းပေးလျက်ရှိရာ မေ ၉ ရက်က မကွေးမြို့နယ်မီးသတ်စခန်းမှ မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာသို့ သွားရောက်၍ သောက်သုံးရေများအခမဲ့ လှူဒါန်းပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် တည်ပင်ကန်ပေါက်ကျေးရွာရှိ အိမ်ထောင်စု ၃၇၅ စု၊ လူဦးရေ ၁၃၄၂ ဦးအတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေး ရေဂါလန် ၂၄၀၀ ကို သွားရောက်လှူဒါန်းခဲ့ပြီး မကွေးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် သောက်သုံးရေ အခက်အခဲရှိသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများကို သောက်သုံးရေများ ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)

# ထန်းတပင်မြို့နယ်၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပြီး မေ ၉ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာမှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ကွင်းဆင်းစစ်ဆေးရာ မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူးဦးထွန်းဦးကြည်နှင့်တာဝန်ရှိသူများက ကလိန်ကျေးရွာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ အပြင်သဲဖြူကျေးရွာတွင် ရေကန်အနက်တူးဖော်ခြင်းလုပ်ငန်းများနှင့် ရွာကန့်လန့်ကျေးရွာတွင် ရေကန်အနက်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကိုဇင်(ပြန်/ဆက်)

# အမေရိကန်က အစ္စရေးနိုင်ငံအား လက်နက်များ တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းမည်

ဝါရှင်တန် မေ ၁၀

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင် တောင်ပိုင်းရှိ ရာဖာမြို့၌ မြေပြင်ထိုးစစ်ဆင်နွှဲမှုများကို ဆက်လက်လုပ်ဆောင်ပါက အစ္စရေးသို့ လက်နက်များ တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားသည်။

**မှတ်ချက်ပြုပြောကြား**

ဂါဇာ၌ ဗုံးများနှင့် အခြားလက်နက်များ ပစ်ခတ်မှုကြောင့် အရပ်သားများ သေဆုံးခဲ့ကြောင်း စီအင်န်အင်န်သတင်းအေဂျင်စီနှင့် မေ ၈ ရက်တွင် ပြုလုပ်သည့် အင်တာဗျူးတစ်ခုတွင် သမ္မတ ဂျိုးဘိုင်ဒင်က မှတ်ချက်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့များသည် ရာဖာမြို့ထဲသို့ ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက လက်နက်ထောက်ပံ့မှုများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်းလည်း ဂျိုးဘိုင်ဒင်က ရှင်းလင်းပြောကြားသည်။

အစ္စရေး-ဟားမတ်စ်စစ်ပွဲ စတင်ခဲ့သည့်အောက်တိုဘာလကတည်းက အစ္စရေးသို့ လက်နက်ထောက်ပံ့မှု ရပ်ဆိုင်းရန် ဂျိုးဘိုင်ဒင်က ပထမဆုံးအကြိမ် လူသိရှင်ကြား ပြောကြားခြင်းဖြစ်သည်။

ဂျိုးဘိုင်ဒင်သည် အရပ်သားများ သေဆုံးမှုများပြားနေချိန်တွင် အစ္စရေးအပေါ် အမေရိကန်၏ စစ်ဘက်ဆိုင်ရာ ပံ့ပိုးမှုများ ဆက်လက်လုပ်ဆောင်နေခြင်းအပေါ် နိုင်ငံတကာနှင့် ပြည်တွင်းဝေဖန်မှုများကို ရင်ဆိုင်နေရသည်။

သို့သော် အမေရိကန်သည် အစ္စရေးနိုင်ငံအား ကာကွယ်ရန်အတွက် ကတိကဝတ်ပြုထားဆဲဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က အလေးပေးပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန် - အောင်ကျော်ကျော်**





# အိန္ဒိယနိုင်ငံ၌ အင်ဖာတိုက်ပွဲအတွင်း ကျဆုံးတပ်ဖွဲ့ဝင်များအတွက် အထိမ်းအမှတ်ကျောက်တိုင် ဖွင့်လှစ်

နယူးဒေလီ မေ ၁၀

ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်ပွားခဲ့သည့် အင်ဖာတိုက်ပွဲအတွင်း ဂျပန်ဧကရာဇ်တပ်မတော် တပ်ဖွဲ့ဝင်များက ဗြိတိသျှတပ်ဖွဲ့ဝင်များအား ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ရာတွင် သေဆုံးခဲ့သည့်တပ်ဖွဲ့ဝင်များအတွက် နှစ် ၈၀ မြောက် အမှတ်တရ အထိမ်းအမှတ်ကျောက်တိုင် ဖွင့်လှစ်ပွဲကို အိန္ဒိယနိုင်ငံ နာဂလန်းပြည်နယ် ကိုဟီမာမြို့တွင် ယမန်နေ့က ကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။ ၁၉၄၄ ခုနှစ်တွင် ဂျပန်ဧကရာဇ်တပ်မတော်မှ တပ်ဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖာမြို့တွင် တပ်စွဲထားသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

အင်ဖာတိုက်ပွဲအတွင်း ဂျပန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ခန့် သေဆုံးခဲ့ပြီး ကိုဟီမာမြို့တွင်လည်း တိုက်ပွဲများ ပြင်းထန်ခဲ့ကြောင်း သိရသည်။ ယင်းအထိမ်းအမှတ်ကျောက်တိုင်ဖွင့်လှစ်ပွဲသို့ ဂျပန်ကျဆုံးတပ်ဖွဲ့ဝင်များ၏ ကျန်ရစ်သူမိသားစုများ တက်ရောက်ကာ ၎င်းအထိမ်းအမှတ်ကျောက်တိုင်တွင် ပန်းခွေများချ၍ ငြိမ်းချမ်းရေးအတွက် ဆုတောင်းခဲ့ကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**



# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ တိုက်ခိုက်မှုအပေါ် ဗြိတိန်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဆန္ဒထုတ်ဖော်

ဂျေရုဆလင် မေ ၁၀

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ တိုက်ခိုက်မှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ဗြိတိန်နိုင်ငံရှိ တက္ကသိုလ် ၁၀ ခုကျော်တွင် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အလားတူ ဆန္ဒထုတ်ဖော်မှုများသည် အမေရိကန်ပြည်ထောင်စုတွင်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆန္ဒပြသူ တက္ကသိုလ်ကျောင်းသား ကျောင်းသူအများအပြားကို ဗြိတိန်ရဲအရာရှိများက ဖမ်းဆီးခဲ့သည်။

Cambridge တက္ကသိုလ်မှ ကျောင်းသားများနှင့် ဝန်ထမ်းများသည် ရွက်ဖျင်တဲ ၅၀ နီးပါး၌ စခန်းချကာ ဆန္ဒထုတ်ဖော်လျက်ရှိသည်။

အစ္စရေးကို လက်နက်ထောက်ပံ့သည့် ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းကို ရပ်တန့်ရန် ဆန္ဒပြသူများက ဗြိတိန်အစိုးရအား တောင်းဆိုလျက်ရှိသည်။

ထို့ပြင် သုတေသနရန်ပုံငွေအတွက် အဆိုပါကုမ္ပဏီများ၏ ရန်ပုံငွေထောက်ပံ့မှုကိုလည်း လက်မခံသင့်ကြောင်း ဆန္ဒထုတ်ဖော်သူများက ဆိုသည်။

တက္ကသိုလ်ကျောင်းသားများ၏ တောင်းဆိုချက်များကို လိုက်လျောမှုပြုသည်အထိ ဆန္ဒထုတ်ဖော်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူတစ်ဦးက ဆက်လက်ပြောသည်။

ဗြိတိန်ဝန်ကြီးချုပ် ဆွန်နက်က တက္ကသိုလ်ကျောင်းဝင်များတွင် ဂျူးလူမျိုးများအပေါ် မလိုမုန်းထားမှုများ မြင့်တက်နေခြင်းသည် လက်ခံနိုင်ဖွယ်မရှိဟု မေ ၇ ရက်က ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာဒေသနယ်စပ်အနီး စိုက်ပျိုးမြေများ ပြန်လည်ထူထောင်ရေးအတွက် အစ္စရေးက ငွေရင်းနှီးမြှုပ်နှံ

ဂျေရုဆလင် မေ ၁၀

အစ္စရေးနိုင်ငံသည် ဂါဇာဒေသနယ်စပ်အနီး တီကူမာဒေသရှိ စိုက်ပျိုးမြေများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစ္စရေးရှီကယ်ငွေ သန်း ၁၈၀ ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အစ္စရေးလယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းဒေသရှိ စိုက်ပျိုးမြေအများအပြားမှာ ဟားမတ်စ်တို့၏ တိုက်ခိုက်မှုများအတွင်း ပျက်စီးသွားခြင်းဖြစ်ကြောင်း ဒေသန္တရမီဒီယာများက မှတ်ချက်ပြုပြောကြားသည်။ အစ္စရေးနိုင်ငံအမျိုးသားပြန်လည်ထူထောင်ရေးအစီအစဉ်အရ ယင်းထောက်ပံ့ငွေကို ဝန်ကြီးချုပ် နေတန်ယာဟု၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ထောက်ပံ့ပေးအပ်မည်ဟု သိရသည်။ ယင်းဒေသသည် အစ္စရေးနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက်အရေးကြီးသည့်ဒေသဖြစ်ကြောင်း အစ္စရေးစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် အော်ယန်လက်ဗီက ပြောကြားသည်။ ယခုကဲ့သို့ ငွေကြေးအများအပြားရင်းနှီးမြှုပ်နှံခဲ့သဖြင့် ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းကို အဆင့်မြှင့်စေရေး အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခု ရင်းနှီးမြှုပ်နှံခဲ့သည့် ငွေကြေးဖြင့် ဒေသအတွင်း လယ်ယာမြေများ ထပ်မံတိုးချဲ့စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးကိရိယာများ ဝယ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲ စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည်

ကိုလံဘို မေ ၁၀

သီရိလင်္ကာ ရွေးကောက်ပွဲကော်မရှင်သည် သမ္မတရွေးကောက်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း မေ ၉ ရက်တွင် ကြေညာသည်။

သီရိလင်္ကာနိုင်ငံ၌ သမ္မတရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးကျင်းပခဲ့သည်။

သီရိလင်္ကာပါတီများအပြားသည် ရွေးကောက်ပွဲအတွက် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများကို ကြေညာထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်၌ ရေပေးဝေရေးကွန်ရက်သုံးခု ဖွင့်လှစ်

ကဘူးလ် မေ ၁၀

အာဖဂန်အာဏာပိုင်များသည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကူနာပြည်နယ်၌ ရေပေးဝေရေးကွန်ရက်သုံးခု ဖွင့်လှစ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ ဘက်ခ်ထာက မေ ၁၀ ရက်တွင် သတင်းဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၁၆၈၀၀၀ ကုန်ကျသည့် အဆိုပါကွန်ရက်များသည် ရှာဂယ်လ်ခရိုင်ရှိ အိမ်ထောင်စု ၉၅၀ အတွက် သန့်ရှင်းသောရေကို ထောက်ပံ့ပေးနိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ဒေသခံပြည်သူများအတွက် သောက်သုံးရေကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရက ပြောကြားသည်။

အလားတူ နန်ဂါဟာပြည်နယ်ရှိ အိမ်ထောင်စု ၇၅၀ အတွက် နောက်ထပ် ရေပေးဝေရေး စီမံကိန်းနှစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် မြို့တော်ကဘူးလ်အပါအဝင် မြို့ကြီးများနှင့် ပြည်နယ်အများအပြားတွင် သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး နှစ်ပေါင်းများစွာ မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တွံတေးမြို့နယ်၌ Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**တွံတေး မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ စတင်ကာ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးရုံးတွင် ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် တွံတေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထူးနှင့် ဝန်ထမ်းများက မြို့နယ်ဦးစီးမှူးရုံးတွင်၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ တွံတေးမြို့နယ်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာစေပြီး ဇီဝဆိုင်ရာအချက်အလက် စိစစ်ကောက်ယူ၍ Databaseတွင် သိမ်းဆည်းကာ မတူညီဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်သတ်မှတ်၍ ကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**တွံတေးသား**

# ကွမ်းခြံကုန်းမြို့နယ်၌ မြေပြင်လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်

**ကွမ်းခြံကုန်း မေ ၁၀**

မြေပြင်လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ မေ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြေပြင်လူဦးရေစာရင်း စိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းနှင့် ကွမ်းခြံကုန်းမြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးကျော်သူရတို့က မြေပြင်လူဦးရေစာရင်းစိစစ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။



ကွမ်းခြံကုန်းမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေးကို စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေ ၇ ရက်တွင်** မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့အဝင် မိုင်တိုင်အမှတ် (၂/၇)အနီး၌ ဘားအံမြို့မှ သထုံမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Honda Wave 125 ဆိုင်ကယ် အင်ဂျင် ခုနစ်လုံးအပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၃၁၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **မေ ၈ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Porcelain Tiles ၃၄၅ ဒသမ ၆ စတုရန်းမီတာ (**ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၇၄၄၀**) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **မေ ၈ ရက်တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၄ ဒသမ ၆၉၆ တန်၊ သစ်မာ ၈ ဒသမ ၆၄၅ တန်၊ အခြားသစ် ၅ ဒသမ ၂၃၄ တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၇၆၈၈၉)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **မေ ၈ ရက်တွင်** ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကားအပိုပစ္စည်း Connecting Rod ခြောက်ခု၊ ဖုန်းအပိုပစ္စည်း Redmi Phone LCD Display အခု ၁၅၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **မေ ၈ ရက်တွင်** မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် - မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် (၃၇၀/၄) ကျောက်ဆည်မြို့ရှောင်လမ်းအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Solar Pannel ဆိုလာပြား ၄၉၆ ခုအပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၃၁၁၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၃၁၁၆၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **မေ ၈ ရက်တွင်** ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်မင်္ဂလာအဝေးပြေး ကားဝင်းအတွင်း၌ ရပ်တန့်ထားသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Alexandre Christie စက္ကူအိတ်ခွံ ၆၇၁၀၄ အိတ်၊ Quick ခေါက်ဆွဲဘူး၇၂၀၊ Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၉၄၅၀ အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Bus တစ်စီး၊ Higher Bus တစ်စီးနှင့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၇၅၂၅၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **မေ ၈ ရက်တွင်** မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် ဘန့်ပြင်ကျေးရွာ၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၁၂၀ **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၆၀၉၂၉) ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၅-၂၀၂၄ စနေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၃၅ ပုတာအိုလွင်ပြင်ပတ်လမ်း
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'အခ၀မ်းနားဆုံးသစ်ပင်' (အပိုင်း-၁၅)
- ၁၃:၃၀ MRTV National News
- ၁၄:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၂၉)
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'မကောင်းတဲ့စိတ်နဲ့ ရွှေငါး'
- ၁၆:၄၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၁၀ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၇:၃၅ ဒေသခံများ၏လူမှုစီးပွားဘဝများ အကျိုးခံစား (ပေါင်းလောင်း-ကြို့ပင်သာ) စစ်တောင်းမြစ်ကူးတံတား
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**သူတောင်းပြည့်ကြယ်တာရာစတားလ**' (အပိုင်း-၅၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၀ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း)အဆင့်) (ပထမဆု) "မဟော်သဓာဇာတ်တော်ကြီး" (မင်းနိုင်စိုးဇာတ်အဖွဲ့) (မွန်ပြည်နယ်) (ပထမပိုင်း)

### mitv

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:06 Weekly Review
- 07:22 The Art of Sand Painting
- 07:31 World Migratory Bird Day (11th May)
- 07:37 Chef Life: Tun Tun
- 07:50 Myanmar Family Life: Family Duties
- 08:01 News
- 08:26 Kayah Style
- 08:35 Moe Ma Kha Elephant Camp (Ngwe Saung)
- 09:01 Quiz Time (Ep-37)
- 10:01 News
- 10:26 Children's Delight: National Library for Children (I'm an Elephant)

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ(ရှေးခေတ်ရှမ်း၊ ရှမ်းကြီး၊တိုင်းနောင်၊တိုင်းလိုင်း)

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ကျိုင်းတုံ 'ဝ' ရိုးရာဆန်ပြုတ်ချက်နည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
မူလာရိုးဒီးသို့အလည်တစ်ခေါက်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ(အပိုင်း-၃)

**ဝကေကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၄)

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ကျန်းမာရေးအတွက်အာလူးရဲ့ကောင်းကျိုးများ

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဖားစည်မြေမှရိုးရာအလှ(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၁)

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
လေးမြားပြုလုပ်ခြင်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၅)

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
နည်းပညာနှင့်သုတကမ္ဘာ(စက်ဘီးတီထွင်သူများ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၁၅ Bird's Eye View
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို '**တောင်းပန်ပါတယ်**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၉)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ဆူးခက်တွေပျံ့နေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)
- ၂၂:၀၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
- ၂၂:၃၀ Gardeners' World 2023 Eps 2
- ၂၃:၄၅ Karl And Tina:Embracing Village Life In Japan: NHK World Prime

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Soccer View

MRTV Application — Android | iOS | Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်း၌ ဆောင်ရွက်လျက်ရှိသည့် Transportation Square စီမံကိန်း၊ Green City အိမ်ရာစီမံကိန်း၊ ကနောင် အိမ်ရာအပိုင်း(၂) စီမံကိန်း၊ ရိုးမရိပ်သာ အိမ်ရာစီမံကိန်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ အောင်မြင့်မိုရ် အိမ်ရာစီမံကိန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ဆောင်ရွက်လျက်ရှိသည့် သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး စီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒ)နှင့် ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ပြည့်သူ့အငှားအိမ်ရာစီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များကို Power Point ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်တို့မှ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ယခုဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် နိုင်ငံတော်အတွက် အရေးပါသည့်စီမံကိန်းဖြစ်သည့်အတွက် အလေးအနက်ထားဆောင်ရွက်ရန်၊ တိုက်အလုံး ၂၀ အား မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ရန်၊ ပြည်သူ့အငှားအိမ်ရာသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အခန်းပေါင်း ၁၁၆၈ ခန်းအား ပြည်သူများ နေထိုင်နိုင်ရေးအတွက် အခန်းနေရာချထားပြီးဖြစ်သဖြင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် အခန်းပေါင်း ၈၁၀၊ ဇူလိုင်လတွင် ၈၆၄ ခန်း၊ ဒီဇင်ဘာလတွင် ၂၇၂ ခန်း အခန်းနေရာချထားရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းမှာကြားပြီး သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အငှားအိမ်ရာစီမံကိန်းရှိ တည်ဆောက်ပြီးအိမ်ရာများတွင် နေထိုင်ရန်အခက်အခဲရှိသည့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် အများပြည်သူများ နေထိုင်နိုင်ရေးအတွက် အိမ်ခန်းနေရာများ ချထားပေးလျက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ဆောက်ရွက်ပြီးစီးခဲ့သည့် ကမ္ဘာအေးကုန်းမြေရှိ ရွှေဟင်္သာကျောင်းဆောင် ခြောက်ဆောင်သို့ သွားသည့်လမ်းအား ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တစ်ပါးထိုင်ကျောင်းဆောင် ခြောက်ဆောင် မွမ်းမံပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တိုက်ကြီးနှင့် လှည်းကူးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်၊ သောက်သုံးရေများဖြန့်ဝေ

နေပြည်တော် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကျွန်းတောကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၁ ဦးတို့ကို အဆိုပါကျေးရွာရှိ ကျွန်းတောကုန်းကျောင်းတိုက်၌လည်းကောင်း၊ လှည်းကူးမြို့နယ် အလံတပိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၁၀၀ တို့ကို အဆိုပါကျေးရွာရှိ သာသနာ့ဟိတကာရီကျောင်းတိုက်၌ လည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့် မှော်စက်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၅၁၄ စု၊ ကမာကဆစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၀၁၂ စုနှင့် ဗညားဒလရပ်ကွက် နန်းဦးပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ သောက်သုံးရေအဆင်ပြေစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ နယ်မြေခံတပ်မတော်သားများက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေစုစုပေါင်း ဂါလန် ၆၂၅၀၀ အား သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မတ္တရာမြို့နယ်မှ နေအိမ် ၂၀ ခန့် မီးရှို့ဖျက်ဆီးခံရကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် မေ ၉ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥဒိန်ကျေးရွာ၊ မြွေတဲအုပ်ကျေးရွာနှင့် မြွေကူးတို့ဆိပ်ကျေးရွာတို့ကို ဝင်ရောက်မီးရှို့ခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုကြောင့် ဥဒိန်ကျေးရွာ၊ မြွေတဲအုပ်ကျေးရွာနှင့် မြွေကူးတို့ဆိပ်ကျေးရွာ တို့မှ နေအိမ် ၂၀ ခန့် ပျက်စီးခဲ့ကြောင်း တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဥဒိန်ကျေးရွာအနီးတွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ဖြစ်ပွားစဉ် မြွေကူးတို့ဆိပ်ကျေးရွာ စာသင်ကျောင်းအတွင်းမှ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ရာ ဥဒိန်ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များမီးလောင်ပျက်စီးခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ မြွေကူးတို့ဆိပ်ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားသည့်နေရာနှင့် အနီးဝန်းကျင်များကို လိုက်လံရှင်းလင်းခဲ့ရာ မြွေကူးတို့ဆိပ်ကျေးရွာ စာသင်ကျောင်းအတွင်းမှ လက်လုပ်စိန်ပြောင်း ခြောက်လက်၊ လက်လုပ်ဗုံးသီး ၄၅ လုံးနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အလားတူ မေ ၆ ရက်က တပ်မတော်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် မွန်ပြည်နယ် သိမ်ဇရပ်မြို့ ဓနီပြောင်းကျေးရွာရှိ ရော်ဘာခြံအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူတစ်ဦး ထိမှန်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသား ဝါဒဖြန့်ဝေလျက်ရှိပြီး ၎င်းသတင်းသည် မှန်ကန်မှုမရှိဘဲ မေ ၆ ရက်တွင် လက်နက်ကြီး ပစ်ခတ်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်သမားများသည် တိုက်ပွဲများဖော်ဆောင်ရာတွင် စစ်ရေးနှင့်မသက်ဆိုင်သည့် ကျေးရွာနေအိမ်များ၊ ဒေသခံပြည်သူများနှင့် စာသင်ကျောင်းများကို အကာအကွယ်ယူတိုက်ခိုက်ခြင်းနှင့် ဖောက်ခွဲရေးပစ္စည်းများကို စာသင်ကျောင်းများအတွင်း ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများက ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည်။ ဒေသခံပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**







## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြက်ဖမွေးဇောင်းရေငန်တား ကျွန်းပတ်တာနှင့် ရေချိုသွင်းနိုင်မည့် ရေသွင်းရေတံခါးများ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့်အတူ မေ ၈ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် ကျုံကဒွန်းစိုက်ကွင်း၊ ကြက်ဖမွေးဇောင်းရေငန်တား ကျွန်းပတ်တာနှင့် ရေချိုသွင်းနိုင်မည့် ရေသွင်းရေတံခါးများ တည်ဆောက်မှုလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ကြက်ဖမွေးဇောင်း ရေငန်တားကျွန်းပတ်တာနှင့် ရေချိုသွင်းနိုင်မည့် ရေသွင်းရေတံခါးများ ဆောင်ရွက်ခြင်းကြောင့် ဧက ၂၉၈၀၀ ခန့်အား စိုက်ပျိုးရေရရှိရေးကို အကျိုးပြုနိုင်မည်ဖြစ်ပြီး လက်ရှိတွင် နွေစပါး ဧက ၆၈၀၀ စိုက်ပျိုးလျက်ရှိကာ နွေစပါး ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများအား သွားရောက်တွေ့ဆုံ၍ တိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့တော်ခန်းမ၌ ပုသိမ်၊ ကျုံပျော်၊ မြောင်းမြ၊ လပွတ္တာခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ စပါးအပါအဝင် ဆီထွက်သီးနှံစီမံကိန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေဧက၊ အထွက်နှုန်းဆိုင်ရာ အချက်အလက်ကိန်းဂဏန်း စာရင်းဇယားများ တိကျမှန်ကန်ရေး၊ ပန်းတိုင်အတွက်နှုန်းရရှိရေးအတွက် ဆက်စပ်ဌာန တာဝန်ရှိသူများက ကွင်းဆင်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲသို့ ပုသိမ်၊ ကျုံပျော်၊ မြောင်းမြ၊ လပွတ္တာခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဓာတ်အားခွဲရုံသစ်များ တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နယ်တို့ရှိ ဓာတ်အားခွဲရုံများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁/၀)မိုင်တွင် အသစ်တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ မင်္ဂလာဒုံမြို့နယ်ရှိ 33/11-66.6 kV ခရေပင် ဓာတ်အားခွဲရုံနှင့် 33/6.6 kV (၁၄)မိုင် ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဖီဒါအလိုက် ဓာတ်အားပေးထားမှုအခြေအနေ၊ ဝန်အားနိုင်နင်းမှု ရှိ/မရှိ အခြေအနေ၊ ခွဲရုံကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှုနှင့် ဓာတ်အား ပြတ်တောက်ခြင်း ဆက်သွယ်လာမှုကို ဖြေကြားမှု မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ လောင်ကျွမ်းမှုမဖြစ်စေရေး၊ ဓာတ်အားပျောက်ဆုံးမှု မဖြစ်စေရေး၊ တရားမဝင်ဓာတ်အားသွယ်တန်းသုံးစွဲမှုများ မရှိစေရေး၊ မီးသုံးသူပြည်သူများက စုံစမ်းမေးမြန်းလာမှုအပေါ် ဖြေကြားဆောင်ရွက်ပေးရာတွင် ယဉ်ကျေးပြေပြစ်စွာ ရှင်းလင်းဖြေကြားကြရေးမှာကြားသည်။

**မှာကြား**

ထို့နောက် ထောက်ကြန့်မြို့ လျှပ်စစ်မန်နေဂျာရုံးနှင့် 33/6.6 kV မြို့ရုံးဓာတ်အားခွဲရုံသို့ သွားရောက်၍ ဖီဒါအလိုက် ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်အားရရှိမှုအပေါ် မှန်မှန်ကန်ကန်ဖြန့်ဖြူးပေးရေး၊ အုပ်စုအလှည့်ကျ ဓာတ်အားပေးမှုများ မှန်ကန်မှုရှိစေရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး၊ ဓာတ်အား ပြတ်တောက်မှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မိုးကြိုကာလ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့်သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရေးတို့ကို မှာကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁/၀)မိုင် အမှတ်(၃)တိုးဂိတ်အနီး တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံအသစ် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - သစ္စာ(mna)**

**ဓာတ်ပုံ - YESC**

☆ ဇွန် ၁ ရက်မှ

ဂျိုရှူအာဗန်သည် ၂၀၂၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ကာဇက်စတန်နိုင်ငံသား ရှူမာဂူလော့ဗ်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ပီရူးနိုင်ငံသား ကီဗင်ဘိုးဟို့စ်၊ ယခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဘရာဇီးနိုင်ငံသား ဖိလစ်ပီဘူနက်စ်တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ထားရာ သုံးပွဲစလုံး အနိုင်ရထားသည်။ ဂျိုရှူအာဗန်သည် MMA ပွဲပေါင်း ၁၁ ပွဲထိုးသတ်ထားရာ ၁၀ ပွဲအထိ အနိုင်ရထားပြီး ဂျိုရှူအာဗန်နှင့် ထိုးသတ်မည့် တာရီယာသည် MMA ပွဲပေါင်း ၁၅ ပွဲထိုးသတ်ရာ ၁၅ ပွဲစလုံး အနိုင်ရထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - UFC**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၀ | ၂၈၅၀ | ၂၈၀၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၆၅ | ၂၇၈၀ | ၃၁၈၅ | ၃၄၅၀ |
| 95 Ron | ၂၇၆၅ | ၂၈၄၅ | ၂၈၂၀ | ၂၇၇၅ | ၂၈၄၅ | ၂၈၅၅ | ၂၈၇၀ | ၂၈၂၅ | ၂၉၅၅ | ၂၉၈၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၈၀ | ၂၈၇၀ | ၂၈၈၀ | ၃၂၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၄၀၀ | ၂၃၈၀ | ၂၃၃၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၂၅ | ၂၃၈၅ | ၂၅၁၅ | ၂၅၄၅ | ၂၃၉၀ | ၂၄၀၅ | ၂၄၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၈၅၀ | ၃၅၈၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၂၆ | ၂၆၁၀ |
| 95 Ron | ၂၆၂၆ | ၂၇၁၂ |
| HSD (500 ppm) | ၂၁၉၈ | ၂၂၇၁ |
| HSD (50 ppm) | ၂၂၄၄ | ၂၃၁၉ |
| HSD (10 ppm) | ၂၂၄၄ | ၂၃၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❋ ကျောဖုံးမှ

ကျော်လွန်နေပြီ။ ဒီရက်တွေထဲမှာလည်း နေကပူနေဆဲဖြစ်နေတော့ ဆားကတော့ကျိုးနေဆဲပဲ။ ရာသီဥတုက အယ်လ်နီညိုဆိုတော့ မိုးကရွာချင်မှလည်း ရွာဦးမှာဆိုတော့ ဆက်သွားရင်ဆက်သွားမှာ။ ဒါပေမဲ့ ၁၅ ရက်နောက်ပိုင်းကျတော့ ကျိုးနိုင်ဖို့ အားသိပ်မရှိတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အောက်မှာက ရေတက်တာတို့၊ ပူလွန်းအားကြီးလို့ မကျိုးနိုင်တာတို့ရှိပြီး ကျိုးအားလျော့သွားတယ်။ အရင်နှစ် အယ်လ်နီညိုနှစ်တွေကလည်း မေလ ၂၅ရက်နောက်ပိုင်းမှာ မုတ်သုံလေကြုံခဲ့တာလည်းရှိပါတယ်”ဟု ၎င်းကပြောသည်။

အပူချိန်မြင့်မားမှုကြောင့် ယခုရက်ပိုင်းတွင်လည်း ဆားကျိုးနေဆဲကာလဖြစ်၍ မေ ၁၅ ရက်အထိ ဆားမက်ထရစ်တန်ချိန် ၁၆၀၀၀၀ ကျော်မှ ၁၇၀၀၀၀ ဝန်းကျင်ခန့်အထိ ထွက်ရှိနိုင်ရန် မျှော်မှန်းထားကြောင်း ပြောကြားသည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ဆားများကို ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိသေးဘဲ ပြည်တွင်းဈေးကွက်၌သာ တင်ပို့ရောင်းချပေးနေကြောင်းသိရသည်။ ယခုနှစ်အတွင်း သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အခြားသောကုန်ကျစရိတ်မြင့်မားမှုရှိသော်လည်း ဆားအထွက်နှုန်းပိုလာသည့်အတွက် ကုန်ကျစရိတ် ကာမိသည့်သဘောရှိကြောင်း ၎င်းကပြောသည်။

ဆားရာသီဖြစ်သော အောက်တိုဘာလမှစ၍ ဆားလုပ်ငန်းကို စတင်လုပ်ကိုင်ကြသော်လည်း ဇန်နဝါရီလမှစ၍ ဆားစတင်ထွက်ရှိပြီး ဧပြီလနှင့်မေလတွင် အများဆုံးထွက်ရှိကာ ရာသီဥတုကောင်းမွန်ပါက ဧပြီလတစ်လတည်းဆားထွက်ရှိမှုနှုန်းသည် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လ သုံးလ ဆားထွက်ရှိမှုနှုန်းထက်ပင် ပိုမိုများပြားကြောင်းသိရသည်။

**MT**



## မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အသင်းအမှတ်(၄)ဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အသင်းအမှတ်(၄) ဆိုင်းဘုတ်ဖွင့်ပွဲမင်္ဂလာ အခမ်းအနားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းရုံး၌ ကျင်းပသည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လောဟ၊ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းဥက္ကဋ္ဌ ဦးသန့်ဇင်၊ မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးဟန်ဝင်းလှိုင်တို့က မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနားကို ကျင်းပရာ ကြွရောက်တော်မူလာကြသည့်သံဃာတော်များနှင့် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း ဩဝါဒါစရိယဆရာတော်များ ဖြစ်ကြသည့်မြောက်ဥက္ကလာပ မြို့နယ် သံဃနာယက ဇလွန်ကျောင်းဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ၊ သာသနာပါလကျောင်းဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တကေသရ၊ ခမီမိဿရကျောင်းဆရာတော်မဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တက္ကန္ဒကတို့ထံမှ ဩဝါဒခံယူခဲ့ကြသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းဥက္ကဋ္ဌက ဆိုင်းဘုတ်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်း တင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌက ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသို့ ရွှေပေါက်ကံမြို့သစ် (၁၂) ရပ်ကွက် တရားပွဲဖြစ်မြောက်ရေး ကော်မတီမှငွေကျပ် သုံးသိန်းလှူဒါန်းခြင်းအတွက် မြောက်ဥက္ကလာပ မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌက ဂုဏ်ပြုမှတ် တမ်းလွှာပေးအပ်ကြောင်း သိရသည်။

မြင့်လွှင် (ပြန်/ဆက်)



## ကျိုက်ထိုမြို့နယ်တွင် မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေး

ကျိုက်ထို မေ ၁၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို ဆောင်ရွက် ကြသည်။

မိုဘိုင်းစာကြည့်တိုက်ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုက်ထိုမြို့နယ်ရှိ ဌာန ဆိုင်ရာရုံးများနှင့် ရပ်ကွက်များသို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ ရပ်ကွက်များရှိပြည်သူများအား သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ် များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## သထုံမြို့ရှိ သမိုင်းဝင်ဓာတ်တော်တိုက် ဒုတိယမဟာစေတီတော် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆွမ်းကြီးလောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



သထုံ မေ ၁၀

မွန်ပြည်နယ် သထုံမြို့နယ် ပေါ်တော်မူကျေးရွာ ရှေးဟောင်း သမိုင်းဝင်ဓာတ်တော်တိုက်(ဒုတိယ မဟာစေတီတော်မြတ်ကြီး)၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ပွဲတော်တွင် သီလရှင်အပါး ၅၀၀ တို့အား အလှူရှင်တို့က ယနေ့ နံနက်ပိုင်းက စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များကို လောင်းလှူခဲ့ကြ သည်။

ဆွမ်းကြီးလောင်းပွဲတော်တွင် သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ သထုံခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက သထုံမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်း နှင့် သီလရှင်ကျောင်းများမှသာသနာ့ နွယ်ဝင်သီလရှင် စုစုပေါင်း အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်များကို လောင်း လှူခဲ့ကြသည်။

အဆိုပါစေတီတော်မြတ်ကြီး နှစ်(၁၀၀)ပြည့်ပွဲတော်ကို ကရင် ပြည်နယ် ဘားအံမြို့နယ် တောင်ကလေး ပရိယတ္တိစာသင် တိုက် ဆရာတော် ဒေါက်တာအရှင် ပညာသာမိ ဦးဆောင်၍ မေ ၆ ရက်မှစတင်ကာ ခုနစ်ရက်တိုင်တိုင် ညစဉ်အထူးတရားပွဲများ ကျင်းပ ခြင်း၊ နေ့စဉ်စတုဒိသာများ ကျွေး မွေးလှူဒါန်းခြင်း၊ သံဃာတော် အပါး ၁၀၀ တို့အား ပုနောပသမ္ပဒ သိက္ခာထပ် ကံဆောင်အလှူတော် မင်္ဂလာပြုလုပ်ခြင်း၊ ဝတ်ရွတ်အဖွဲ့ များအား ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ဒေသနာတော် အကောင်းရွတ်ဆို နိုင်မှု ယှဉ်ပြိုင်ရွေးချယ်ခြင်း၊ သီလရှင်အပါး ၅၀၀ နှင့် သံဃာ တော်အပါး ၁၀၀၀တို့အား သုံးရက် တိုင်တိုင် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ် များ လောင်းလှူခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မုဒုံမြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



မုဒုံ မေ ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပ သော သစ်တောသစ်ပင်နှင့် ဇီဝ မျိုးစုံ မျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက အခြေခံ ပညာ အလယ်တန်းကျောင်း (သဘော်ဦး)၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မော်လမြိုင်-သထုံခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက သစ်တော များနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအကြောင်း၊ မုဒုံ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိက သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူး များ၊ သစ်တောများနှင့် ရေဝေ ရေလဲထိန်းသိမ်းရေး၊ တောအုပ် ကြီးမှ ဇီဝမျိုးစုံမျိုးကွဲများ ထိန်း သိမ်းကာကွယ်ခြင်း၊ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်အေးခိုင်ကျော်က စွန့်ပစ် ပစ္စည်းများကြောင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက် ရောက်မှု လျှော့နည်းစေရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ပြီး အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ သည်။

ထို့နောက် မုဒုံမြို့နယ် တာပသွန် ပျိုးဥယျာဉ်သို့ သွားရောက်၍ ၂၀၂၄ ခုနှစ် မိုးရာသီတွင် မြို့နယ် အတွင်း ဖြန့်ဝေစိုက်ပျိုးမည့် လူထု ဖြန့်ပျိုးပင်များ၊ အထူးပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေနှင့် သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိ လာမည့် အကျိုးကျေးဇူးများကို တာဝန်ရှိသူများက ရှင်းလင်းခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာခဲ့ကြ ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

ရေတာရှည် မေ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားကို



ယနေ့ နံနက် ၉ နာရီခွဲက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေတာရှည်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ထက်ထက်ကျော်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၂၉၆ ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြရာ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကိုလတ်၊ ရေတာရှည်မြို့နယ် ရွေးကောက်ပွဲကော်မ ရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ထက်ထက်ကျော်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ဆန္ဒမဲပေးနည်း အဆင့်ဆင့်ကို ရှင်းလင်းပြသ ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက် )

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ပါ ၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃)၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် မော်တော်ယာဉ် (၁၃)စီးဆံ့ ကားစတန်းပြုလုပ်ခြင်းနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃)၊ တင်ဒါကော်မတီ၊ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ S.A.M Private School (KG Mercury)မှ မမီးမီးစုသံသာ၏ မိဘများမှာ ဦးကျော်စွာဟိန်းနှင့် ဒေါ်မေချောစုတို့ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်အောင်စိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၃/၉-၆-၂၀၁၆)**
**အမှတ်(၁၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာ၊ မော်လမြိုင်မြို့။**
**Ph: 09-968687368**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဇေတဝန်(ဗဟို)လမ်း၊ အမှတ်(၁၄)၊ တစ်ခန်းတည်း RC (၈)ထပ်တိုက်မှ (၈-လွှာ)၊ ဧရိယာ(၁၃၈၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဆန်းရွှေ [၁၂/စခန(နိုင်)၀၀၆၉၈၉]၊ ဦးစိုးမြင့်သိန်း [၁၂/စခန(နိုင်)၀၅၅၀၇၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခွန်အောင်မြင်ကျော် [၁၃/လရန(နိုင်)၀၀၄၄၇၀]၊ ဒေါ်နန်းမြစန္ဒီ [၁၃/မရန(နိုင်)၀၁၈၆၇၉]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခွန်အောင်မြင်ကျော်နှင့် ဒေါ်နန်းမြစန္ဒီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘုရင့်ဂျီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်/အရှေ့ရပ်ကွက်၊ စမုံလမ်း၊ အမှတ် (၂၂/၂၄)၊ (၄)ခန်းတွဲ (၆)ထပ်တိုက်မှ ၂-ထပ်၊ အခန်းအမှတ် (E)၊ (၂၅'x၆၀') အကျယ်အဝန်းရှိ တိုက်ခန်းသည် ဒေါ်ဝါဝါမဉ္ဇူ [၁၂/ဒဂန(နိုင်)၀၁၆၂၃၉]မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝေ (စဉ်-၇၁၂၄)　　ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဂ၊ မြေကွက်အမှတ်- ၉၄/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၉၄/က)၊ ဥက္ကာ(၄)လမ်း၊ (ဂ)ရပ်ကွက်၊ ဒေါ်တင်ရီ (CJ-025314) [၁၂/ဥကမ(နိုင်)၀၀၆၄၉၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်တင်ရီ(မိခင်)သည် (၂၅-၆-၂၀၁၅) ရက်နေ့တွင်လည်းကောင်း၊ ဦးကံတင်(ဖခင်)သည် (၁၃-၁၁-၂၀၂၂)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်လှလှမြင့် [၁၂/ဥကမ (နိုင်)၁၁၃၉၅၉]၊ ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်)၀၀၆၇၂၁]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားနှင့်သမီးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၆၄၀/၂၀၂၄/၃-၁-၂၀၂၄၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- က၊ မြေကွက်အမှတ်- ၁၃၇၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ်(၁၃၇)၊ မေယု(၅)လမ်း၊ (က)ရပ်ကွက်၊ ဦးဘရင် (CE-110863) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးဘရင်(ဖခင်)သည် (၁၇-၅-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်စန်းတီ(မိခင်)သည် (၄-၂-၂၀၂၂)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်သင်းသင်းရီ[၁၂/ဥကမ(နိုင်)၁၁၆၅၆၅]၊ ဒေါ်သန်းသန်းရီ [၁၄/မမန(နိုင်)၀၁၆၇၅၇]၊ ဒေါ်စန်းစန်းရီ[၁၂/ဥကမ(နိုင်)၁၂၉၁၃၅]၊ ဒေါ်သင်းသင်းချို [၁၂/ဥကမ(နိုင်)၁၃၀၁၇၆]၊ ဦးကျော်ကိုကို[၁၂/ဥကမ(နိုင်)၁၅၂၂၁၈]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီး(၅)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်- ၁/၄၀၉/ ၂၄/၉-၁-၂၀၂၄၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဒေါ်သန်းသန်းရီ၊ ဒေါ်စန်းစန်းရီ၊ ဒေါ်သင်းသင်းချို၊ ဦးကျော်ကိုကိုတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၆၁၈၈/၂၀၂၃/၂၉-၁၁-၂၀၂၃ ဖြင့်ရရှိသူ ကိုယ်တိုင်နှင့် GP ဒေါ်သင်းသင်းရီ[၁၂/ဥကမ(နိုင်)၁၁၆၅၆၅]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းများ၏ တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချသည့်ရက် | - | ၁၃-၅-၂၀၂၄ ရက်နေ့ |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် | - | ၂၇-၅-၂၀၂၄ ရက်နေ့၊ ရုံးချိန်အတွင်း |
| တင်ဒါလျှောက်လွှာရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး |

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၄၅၀၀၁၈၁၅၇၊ ၀၉-၈၈၂၀၇၉၉၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မှတ်ချက်။ အိတ်ဖွင့်တင်ဒါရွေးချယ်မည့်နေ့ရက်/ အချိန် / နေရာကို ထပ်မံကြော်ငြာပေးမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရှုခင်းသာလမ်းသွယ်၊ အမှတ် (၃/၁)၊ တိုက်အမှတ် (D)၊ Pinlon Village Residences Condo ရှိ အကျယ်အဝန်း (NSF- 1710 sqft, GSF- 1900 sqft)ရှိသော တိုက်ခန်းအမှတ်- ၄၀၂ (Block - D# 402, Pinlon Village Residences)ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ ကားရပ်နားရန်နေရာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူများဖြစ်သော **ဒေါက်တာထူးဟာန် [၁၂/ဗဟန(နိုင်)၀၅၄၇၅၄]+ (၂)ဦးတို့**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မေတ္တာ(၇)လမ်း၊ မြေကွက် အမှတ်(၇၄၇)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ **ဦးအောင်လှထွန်း(၁၂/ရတန(နိုင်)၀၀၇၇၃၆)**အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသောအနေအထားဖြင့် မြေကွက်ကိုမျက်နှာမူကြည့်လျှင်(ညာဘက်ခြမ်း)(၁၀ပေ × ၆၀ပေ)ရှိ မြေအစိတ်အပိုင်းနှင့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်တို့အား အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ **ဦးအာကာဝေယံ(၁၂/သကတ(နိုင်)၁၈၆၀၀၀)**က အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၁၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

## အများသိရှိစေရန်ကြေညာခြင်း

TOP HONOUR COMPANY LIMITED ၏ မန်းနေဂျင်းဒါရိုက်တာဖြစ်သူ ဦးလှမြင့်၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

TOP HONOUR COMPANY LIMITED အား MD ဦးလှမြင့် အပါအဝင် အစုရှယ်ယာရှင် ဒါရိုက်တာများဖြစ်ကြသည့် ဦးဝေဖြိုးကျော်၊ ဦးစိုးထက်မြတ်နှင့် ဒေါ်စုသွယ်သွယ်အောင်တို့မှ တည်ထောင်ခဲ့ပြီးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဖြစ်ပါသည်။ TOP HONOUR COMPANY LIMITED ၏ အဖွဲ့ဝင်ဒါရိုက်တာ (၃)ဦးဖြစ်သော ဦးဝေဖြိုးကျော်၊ ဦးစိုးထက်မြတ်နှင့် ဒေါ်စုသွယ်သွယ်အောင်တို့သည် ၎င်းတို့ပိုင်ဆိုင်သော ကုမ္ပဏီ၏အစုရှယ်ယာနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကုမ္ပဏီ၏ MD ဦးလှမြင့်အား အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ရာ MD ဦးလှမြင့်မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် TOP HONOUR COMPANY LIMITED အား MD ဦးလှမြင့် တစ်ဦးတည်းကသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိသွားပြီဖြစ်ပြီး၊ ကုမ္ပဏီအား MD ဦးလှမြင့် တစ်ဦးတည်းမှသာ စီမံခန့်ခွဲအုပ်ချုပ်သွားမည်ဖြစ်ပါသည်။ ဦးဝေဖြိုးကျော်၊ ဦးစိုးထက်မြတ်နှင့် ဒေါ်စုသွယ်သွယ်အောင်တို့ (၃)ဦးသည် ၎င်းတို့ပိုင်ဆိုင်သည့် အစုရှယ်ယာများနှင့် အကျိုးခံစားခွင့်ကို အပြီးအပိုင်လွှဲပြောင်းရောင်းချပြီးဖြစ်သည့်အတွက် ၎င်းတို့ (၃)ဦးသည် TOP HONOUR COMPANY LIMITED နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် MD ဦးလှမြင့် သိရှိခြင်းမရှိဘဲ ပြုလုပ်ဆောင်ရွက်ထားသည့်ကိစ္စရပ်များအား MD ဦးလှမြင့်မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးအောင်မျိုးထက်(စဉ်-၁၁၉၁၀)　　ဒေါ်နန်းမိုခမ်းအောင်(စဉ်-၁၀၂၇၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၁၀၃၂၉၀၁**







## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (L၁၈/၆၁)၊ မြေကွက်အမှတ် (၁၆၈၉+၁၆၉၀)၊ အကျယ်အဝန်း (အလျား ၈၀ပေX အနံ ၆၀ပေ)ရှိ ဦးမိုးသူရ အမည်ဖြင့်ရရှိထားသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ၁။ ဒေါ်မြမြခိုင် [၁၂/ဥကမ(နိုင်)၁၆၆၇၃၇]၊ ၂။ ဦးသူရဇော်မောင်မောင် [၁၂/တမန(နိုင်)၀၉၆၅၃၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြလှဲ့ဝင်း(L.L.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၁၂)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇေယျာထွန်း [၁၂/ဒပန (နိုင်) ၀၄၈၁၈၂]၏ သင်္ဘောသား CDC No.78478 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ph: 09-668850551**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

မြောင်းမြမြို့နေ ဒေါ်မော်မော်ဆွေ [၁၄/မမန(နိုင်)၀၀၈၄၈၃] ၏သားဖြစ်သူ မောင်မျိုးသက်ကို [၁၄/မမန(နိုင်)၁၈၇၅၉၂]သည် ၁-၄-၂၀၂၄ ရက်တွင် မိဘနှစ်ပါး ခွင့်မလွှတ်နိုင်သည့်အပြစ်ကို ကျူးလွန်သည့်အတွက် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်မော်မော်ဆွေ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက(၁)လမ်း၊ အမှတ်(၂၅၁)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၄ ပေ ၁၀ လက်မ x အနံ ၃၂ ပေ ၇လက်မ )ရှိမြေကွက်နှင့် မြေကွက်ပါအိမ်၏အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးသိမ်းဦး [၈/မတန(နိုင်)၀၆၉၂၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ဆွေ B.Sc.,H.G.P　　ဒေါ်မေသဇင်ဆွေ LL.B,DBL,DIPL**
**အထက်တန်းရှေ့နေ(စဉ်- ၁၈၇၆၈)　　တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၄၉)**
**အမှတ်(၂၄၅)၊ လေးထောင့်ကန်လမ်းမကြီး၊ ဓ/မြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း- ၀၉-၈၈၁၁၈၈၃၈၂၊ ၀၉-၇၇၄၄၃၃၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်(၃/၄)၊လူနေရပ်ကွက်(နဝဒေးအိမ်ရာ)၊ မြေကွက်အမှတ်(၅၇၆)၊(အရပ်ခေါ်)လှိုင်သာယာမြို့နယ်၊နဝဒေးအိမ်ရာ၊(၆)ရပ်ကွက်၊ တကောင်းလမ်းနှင့်၆၂လမ်းထောင့်၊Block (15/10) အကျယ်အဝန်း(၆၀ပေ×၅၀ပေ)ရှိ ဒေါ်ဇင်မာစိုး(၁၂/လမန(နိုင်)၁၂၀၆၀၀)အမည်ပေါက်နှစ်၆၀ဂရန်မြေကွက်နေအိမ်အားအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ရှုလျှံ(၁၄/မမန (နိုင်)၁၄၂၃၃၂)ထံမှကျွန်ုပ်၏မိတ်ဆွေကရောင်းဖိုးငွေအနက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ငွေပြည်သာလမ်း၊မြေတိုင်းရပ်ကွက်(၃၂)၊ မြေကွက်အမှတ်(၅၂၅)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးနေအောင်ဗျင်(၁၂/ဥကတ(နိုင်)၀၂၅၅၆၉)အမည်ပေါက်နှစ်၆၀ဂရန်မြေကွက်နေအိမ်အားအရောင်းအဝယ်စာချုပ်နှင့် SP (7852/2008) အရ ဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်ချိုဝင်း(၁၂/မရက (နိုင်)၁၁၅၃၄၄)ထံမှကျွန်ုပ်၏မိတ်ဆွေကရောင်းဖိုးငွေအနက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအတွင်း အဆင့်မြင့် တာရာဖိုကြမ်းခင်းများ အစားထိုးပြုပြင်ခင်းကျင်းပူဇော်နိုင်ရန်အတွက် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များ စာရင်းကို ဂေါပကအဖွဲ့မှဝမ်းမြောက်စွာဖြင့် သာဓုအနုမောဒနာပြုကာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဂုဏ်ပြုလွှာ(၃/၂၀၂၄)

| စဉ် | အလှူရှင်အမည် | အလှူရငွေ |
|---|---|---|
| ၁။ | ဦးသိန်းစိန် နှင့် ဒေါ်ခင်ခင်ဝင်းမိသားစုကောင်းမှု၊ကမ္ဘာအေးဗီလာ၊ရန်ကုန်မြို့ | ၁၀၀၀၀၀၀ိ/ - |
| ၂။ | ဦးမင်းဟန် + ဒေါ်ဇင်မာလှိုင်၊ သမီး – မထက်ထက်ထူးစံ – မခိုင်ဇင်မင်းဟန်၊ (မင်းဟန်တာရာဖို ကုမ္ပဏီ )ကောင်းမှု ၅ ရပ်ကွက် ၊မရမ်းကုန်းမြို့နယ် | ၁၄၀၀၀၀ိ/ - |
| ၃။ | ဦးမျိုးအောင် + ဒေါ်ရွှေစင်သမီး မရွှေရည်ဝင်း၊ မချမ်းမြေ့သူ၊ သား ကိုအောင်သူဟိန်းAreca hotel မိသားစုကောင်းမှု ၊ရန်ကုန်မြို့ | ၁၄၀၀၀၀ိ/ - |
| ၄။ | ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၃၀)၊နှစ်(၆၀)ပြည့် အကြို ကျောင်းဆင်းအရာရှိ များနှင့်မိသားစုများကောင်းမှုရန်ကုန်မြို့ | ၇၀၀၀၀ိ/ - |
| ၅။ | ဦးကိုကိုနိုင် (ညွှန်ကြားရေးမှူး) + ဒေါက်တာအေးနွဲ့ကြည်သား ဗိုလ်ကြီးနိုင်ထူးအောင် မိသားစုကောင်းမှု ရန်ကုန်မြို့ | ၇၀၀၀၀ိ/ - |
| ၆။ | ဦးအေးမြင့် + ဒေါ်ခင်ဝင်းမြင့် မိသားစု၊ကောင်းမှု၊ ၇၅ /မဟာဗောဓိလမ်း၊ ၂၉ရပ်ကွက်၊သုဝဏ္ဏ ရန်ကုန်မြို့ | ၇၀၀၀၀ိ/ - |
| ၇။ | ဖခင်ကြီးဦးဟန်တင်အားရည်စူး၍ဒေါ်မြဝင်းမိသားစုကောင်းမှု အမှတ်(၄)၃လမ်း၊ကေတုမာလာရိပ်သာ၊တောင်ဥက္ကလာပ | ၇၀၀၀၀ိ/ - |
| ၈။ | ဦးကျော်စိုးမိုးအားရည်စူး၍ဒေါ်တင်တင်ချို၊ သားမောင်နေအောင်လင်းမိသားစု ကောင်းမှု၊ မြောက်ဒဂုံ | ၇၀၀၀၀ိ/ - |
| ၉။ | ဦးမြင့်ဆွေ + ဒေါ်ခင်ခင်ဆွေ မိသားစုကောင်းမှု၊ ၆၈/အေ အင်းယားလမ်းရန်ကုန် | ၇၀၀၀၀ိ/ - |
| ၁၀။ | ဦးချစ်အောင် + ဒေါ်ကြူကြူဝေမိသားစု ကောင်းမှု (ထိုင်းနိုင်ငံ) | ၅၀၀၀၀ိ/ - |
| ၁၁။ | ဦးဝင်းတင် + ဒေါ်အေးငြိမ်း သမီးမဖွန့်သစ်ဝင်းမိသားစုကောင်းမှု ၁၇/C သလ္လာဝတီလမ်း၊ဂုမိုင်၊ရန်ကုန်မြို့ | ၅၀၀၀၀ိ/ - |
| ၁၂။ | ဦးမင်းလွင် + ဒေါ်ခင်သန်းမြင့်မိသားစုကောင်းမှု တောင်စွန်းကျေးရွာ၊ဘီးလင်းမြို့ | ၃၅၀၀၀ိ/ - |
| ၁၃။ | ဦးခိုင်ဝင်း + ဒေါ်အေးအေးမူ(ကော့သောင်း)၊တူမ မရွှေရည်ဦး၊မမြတ်ရတီ ကောင်းမှု၊ မင်္ဂလာဒုံ | ၃၅၀၀၀ိ/ - |
| ၁၄။ | ဒုဗိုလ်မှူးကြီးအောင်သန်းငွေ(ငြိမ်း) + ဒေါ်အေးမိစံ၊တိုက်(၅)/၃လွှာ ကျွန်းတော လမ်း၊ စမ်းချောင်း | ၃၁၅၀၀ိ/ - |
| ၁၅။ | ဦးအေးမောင် + ဒေါ်သဇင်ကျော်ထွန်း မိသားစုကောင်းမှု | ၃၀၀၀၀ိ/ - |
| ၁၆။ | (ဦးတင်ဝင်း သားမောင်တင်လတ်ဝင်း)တို့အားရည်စူး၍ ဒေါ်မြင့်မြင့် မိသားစု ကောင်းမှု မိကျောင်းကန်/၃၊သဃ်န်းကျွန်းမြို့နယ် | ၃၀၀၀၀ိ/ - |
| ၁၇။ | ဦးဝင်းလှိုင် + ဒေါ်ထုဆိုင် သားသမီးမြေးများကောင်းမှု၊မရမ်းကုန်းမြို့နယ် | ၃၀၀၀၀ိ/ - |
| ၁၈။ | ဦးဝင်းနိုင်မြင့် ကောင်းမှု၊ Calgary ကနေဒါနိုင်ငံ | ၃၀၀၀၀ိ/ - |
| ၁၉။ | ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဦးမြသန်းအားရည်စူး၍ ဇနီးဒေါ်ဝင်းမြနှင့် မိသားစု၊ကောင်းမှု ၊၁၁၈၈/က ရတနာပုံ(၂)လမ်း(၉)ရပ်ကွက်၊ သာကေတ | ၃၀၀၀၀ိ/ - |
| ၂၀။ | ဦးမောင်ချစ် + ဒေါ်ခင်စိုး သားသမီးမြေးတစ်စုနှင့်သံသရာအဆက်ဆက်မှ ဆွေမျိုးများ ကောင်းမှု ၊ဆရာစံလမ်း၊ ဗဟန်းမြို့နယ် | ၂၉၄၀၀ိ/ - |
| ၂၁။ | ရန်ကုန်တက္ကသိုလ်သတ္တဗေဒသူငယ်ချင်းများနှင့်ဓမ္မမိတ်ဆွေများ ကောင်းမှု | ၂၅၀၀၀ိ/ - |
| ၂၂။ | (ဦးခင်မောင်ကြီးအားရည်စူး၍ ဇနီးဒေါ်လှကြည်နှင့်သားသမီးမြေးမြစ်များ ကောင်းမှု ၉ရပ်ကွက် တောင်ဥက္ကလာပ | ၂၁၀၀၀ိ/ - |
| ၂၃။ | ဦးစိန်ထွန်း + ဒေါ်ပပဝင်း နှင့်သားသမီးမြေးများမိသားစုကောင်းမှု ရန်ကုန်မြို့ | ၂၀၀၀၀ိ/ - |
| ၂၄။ | ဆရာမကြီးဒေါ်တင်တင်နွယ်အားရည်စူး၍ဦးလှလွင် + (ဒေါ်မြစိန်)မိသားစု | ၂၀၀၀၀ိ/ - |
| ၂၅။ | ဒေါက်တာကိုကိုကြီး + ဒေါ်မေသန်းမိသားစု ကောင်းမှု ၁၉၈/ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင် | ၂၀၀၀၀ိ/ - |
| ၂၆။ | ဒေါ်အုန်းရီ မိသားစု ကောင်းမှု လှိုင်မြို့နယ် | ၁၅၀၀၀ိ/ - |
| ၂၇။ | ဦးအောင်မိုး + ဒေါ်စံစံအောင်သမီး မသူသူမိုးဟန် မိသားစုကောင်းမှု ရွှေပြည်သာ | ၁၅၀၀၀ိ/ - |
| ၂၈။ | ဦးသန်းကြိုင် + ဒေါ်ညွှန့်ညွှန့်ဌေး(၄၆)နှစ်မြောက်၊ မင်္ဂလာအမှတ်တရကောင်းမှု ၁၅၈/၁၂ရပ်ကွက် တောင်ဥက္ကလာပ | ၁၄၀၀၀ိ/ - |
| ၂၉။ | ဒေါ်ညို – ဒေါ်ပို သရက်သီးဆီစိမ် မိသားစုကောင်းမှု၊ မြင်းခြံမြို့ | ၁၂၈၀၀ိ/ - |
| ၃၀။ | ဦးမြင့်စိုး + ဒေါ်မိုးမိုးလင်း ရွှေဖျိုင်း ကုန်စည်ပို့ဆောင်ရေး မော်လမြိုင် | ၁၂၀၀၀ိ/ - |
| ၃၁။ | ဒေါ်ညွှန့်ရီနှင့် မိသားစုအောင်ဝင်းနှင့်ညီများ စက်သုံးဆီ အရောင်းဆိုင် | ၁၁၂၀၀ိ/ - |
| ၃၂။ | မိဘများဖြစ်ကြသောဦးလှထွန်း + ဒေါ်ကြည်ကြည်ထွန်းအားအမှူးထား၍သမီး၊ မခင်နီလာထွန်းနှင့် သူငယ်ချင်းမရီစိုးကောင်းမှု ၊မြောက်ဥက္ကလာပ | ၁၁၀၀၀ိ/ - |
| ၃၃။ | နှစ်ဖက်မိဘများအားအမှူးထား၍ဦးစစ်ငြိမ်းထွန်း + ဒေါက်တာအေးဖြူဖြူလွင် မိသားစုကောင်းမှု၊ မြောက်ဥက္ကလာပ | ၁၁၀၀၀ိ/ - |
| ၃၄။ | ဖခင်ကြီးဦးသိန်းဆိုင် (၈၄)နှစ်ပြည့် သားသမီး(၈)ယောက်ကောင်းမှု | ၁၁၀၀၀ိ/ - |
| ၃၅။ | နှစ်ဖက်သော ဘိုးဘွားများနှင့်ခင်ပွန်းဦးကျော်စိန်အားရည်စူး၍ဒေါ်နုနုမိသားစု ကောင်းမှု၊OK ကားပစ္စည်းအရောင်းဆိုင် စမ်းချောင်း | ၁၁၀၀၀ိ/ - |
| ၃၆။ | ဦးကြီးစိန် + ဒေါ်ကြည်လှ မြတ်ခွန် air con မိသားစုကောင်းမှု၊ဧမိုင်၊မရမ်းကုန်း | ၁၁၀၀၀ိ/ - |
| ၃၇။ | ဦးသိန်းကြိုင် + ဒေါ်ခင်မာကြည်၊မိသားစုကောင်းမှု၊ ရွှေပြည်သာ | ၁၁၀၀၀ိ/ - |
| ၃၈။ | ဦးတင်ဝမ်းမောင် + ဒေါ်ခင်ခင်မြ မိသားစု ကောင်းမှု၊ ဗဟန်း , | ၁၁၀၀၀ိ/ - |
| ၃၉။ | နှစ်ဖက်သောမိဘဘိုးဘွားများအားရည်စူး၍မောင်ကောင်းဇေယျာမင်း ကောင်းမှု | ၁၁၀၀၀ိ/ - |
| ၄၀။ | (ဦးဟုတ်စိန် + ဒေါ်အုန်းကြင်)မောင်ရွှေဖြိုး လက်ဖက်ခြောက် ၊ကညွှတ်ကွင်း | ၁၁၀၀၀ိ/ - |
| ၄၁။ | ဦးခင်ဝင်းအားရည်စူး၍ဒေါ်စောမြဦး မိသားစုကောင်းမှု | ၁၁၀၀၀ိ/ - |
| ၄၂။ | ဒေါ်စိုးစန္ဒီမင်း – ဒေါ်လှလှမော်မိသားစု ကောင်းမှု၊ ကမ္ဘာအေးစောင်းတန်း | ၁၁၀၀၀ိ/ - |
| ၄၃။ | ဦးအောင်မင်းဦး + ဒေါ် ပြုံးပြုံး သမီးယဉ်သန့်အောင်မိသားစုကောင်းမှု ရန်ကင်း | ၁၁၀၀၀ိ/ - |
| ၄၄။ | ဒေါ်နုနုရီမိသားစုကောင်းမှု | ၁၁၀၀၀ိ/ - |
| ၄၅။ | မိဘများနှင့်သမီးလေးဘုတ်ဆုံမအားရည်စူး၍ ဦးသောင်းညွှန့် + ဒေါ်တင်တင်လေး သမီး မနေခြည်လင်း သားမောင်ဟန်လင်းထက် မိသားစုကောင်းမှု | ၁၀၅၀၀ိ/ - |
| ၄၆။ | ဦးကြင်ဝေ(ဂေါပကအဖွဲ့ဝင်) + ဒေါ်ယုဇနခိုင် မိသားစုကောင်းမှု | ၁၀၅၀၀ိ/ - |
| ၄၇။ | ဦးအောင်ထွဋ်(ဂေါပကအဖွဲ့ဝင်) + ဒေါ်ခင်ပြုံးကြည် မိသားစုကောင်းမှု | ၁၀၅၀၀ိ/ - |
| ၄၈။ | ဦးဟန်ဝင်းသန့် + ဒေါ်စိုးစိုးထွေး မိသားစုကောင်းမှု | ၁၀၅၀၀ိ/ - |
| ၄၉။ | ဒေါ်ခင်သန်းဦး – ဦးခင်မောင်လေး + ဒေါ်ခင်လှ၊၁၂၀/က ၄ရပ်ကွက် မ/ဥ | ၁၀၅၀၀ိ/ - |
| ၅၀။ | ဦးစိုးအောင် + ဒေါ်သောင်းန မိသားစုကောင်းမှု ၁ရပ်ကွက် ကျိုက်မရော | ၁၀၅၀၀ိ/ - |
| ၅၁။ | ဦးရွှေရင် + ဒေါ်ဇင်မိသားစု ကောင်းမှု | ၁၀၅၀၀ိ/ - |
| ၅၂။ | ဦးငွေစိုး + ဒေါ်လွန်းတင်မိသားစုကောင်းမှု | ၁၀၅၀၀ိ/ - |
| ၅၃။ | ဦးထွန်းလှ + ဒေါ်တင်အေးကြည် မိသားစုကောင်းမှု ၊မန္တလေး | ၁၀၅၀၀ိ/ - |
| ၅၄။ | ဦးဇော်ဝင်းအားရည်စူး၍ ပြည့်ဖြိုးအောင်မိသားစု ကောင်းမှုသနပ်ပင် မြို့ | ၁၀၅၀၀ိ/ - |
| ၅၅။ | ဒေါ်ခင်ဝင်းမြင့် + သမီးခိုင်ခိုင်စိုး မိသားစု လယ်ဝေးမြို့ | ၁၀၅၀၀ိ/ - |
| ၅၆။ | ဦမြင့်အေး + ဒေါ်အေးရီ မိသားစု ကော့သောင်းမြို့ | ၁၀၅၀၀ိ/ - |
| ၅၇။ | ဦးသိန်းဇော်ဝင်း + ဒေါ်မေလွမ်းမိသားစုကောင်းမှု မြို့မ(၂)ရပ်ကွက် ဝန်းသိုမြို့ | ၁၀၅၀၀ိ/ - |
| ၅၈။ | မေမေဒေါ်တင်လှ သမီးဒေါက်တာထက်ထက်နွယ် မွေးနေ့အလှူကောင်းမှုရန်ကုန် | ၁၀၅၀၀ိ/ - |
| ၅၉။ | ရွှေမြန်မာစာသင်ဝိုင်းမှ ကျောင်းသား/ သူများကောင်းမှု ထောက်ကြန့် | ၁၀၅၀၀ိ/ - |
| ၆၀။ | ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) + ဒေါ်ခင်လှဝင်းမိသားစု၊ညီမလေးမိသားစု၊ မောင်လေးမိသားစုကောင်းမှု ရန်ကုန်မြို့ | ၁၀၅၀၀ိ/ - |
